သိုးထိန်းအာသံ

အမှတ်စဉ်(၄၅)

SIGNIS
MANDALAY

= မာတိကာ =

ကဗျာ		
သဘောတူလား	ခံပွင့်	၂
ခန့်မှန်းတတ်သူဖြစ်စေပါ	ယွန်းငယ် (သံဝင်း)	၃
ဆန္ဒတစ်ခုံ	ဇော်လတ်အောင် (ရွှေဘို)	၄
လူငယ်		
အားတင်းထားစမ်းပါ	ဂျမ်ဂျာလ (ဗိုးကောင်း)	၅
ဝိညာဉ်ရိုက္ခာ		
ယုံကြည်ခြင်းအမွေ	ရဟန်းတစ်ပါး	၈
သခင်ယေဇူးကောင်းကင်ဘုံသို့တက်		
ကြွတော်မူခြင်းဟူသည်မှာ	ခွန်အား	၁၁
သူကဲ့သို့	ဝေလီ	၁၆
ဆောင်းပါး		
သိစေချင်ပါတယ် . . . ။	အင်ဝိုင်းပန် (SJA)	၁၉
ကောင်းကင်အတွက်လေ့ခါးထစ်လေး	နှင်း (နှာက်)	၂၄
ယခုဆိုသောပစ္စုပ္ပန်ခ်ိန်အသက်ရှင်ပါ	ချစ်ဗိုး (ကတ)	၂၇
အမျိုးသမီး		
လူမှုရေးလောကတွင်အမျိုးသမီးကဏ္ဍ		
မြှင့်တင်ရန်လူထုဆက်သွယ်ရေးပညာ		
ကိုဟစ်တိုင်အမြစ်အသုံးပြုခြင်း	ဗမာလာ (RVA)	၃၀
အတိုအထွာ		
ဆင်းရဲဒုက္ခများအလယ်မှာ	ဂမုန်း (ဗိုးမောက်ဖြို)	၃၂
ဘာသာတရားအချင်းချင်းဆွေးနွေးခြင်း		
စဉ်းစားဖီသလောက်ပြောကြည့်ချင်ပါသည်	ဗာဂု (ဒဿန)	၃၃
အမေး၊အဖြေ		
ကမ္ဘာပေါ်မှာအရင်တည်ရှိတာ		
ဒိုင်ဗိုဆောတွေလား လူသားတွေလား	ဝဿန်ဗိုး	၄၆

သဘောတူလား

ယနေ့ကမ္ဘာမှာဝိရောဓိတွေများလာတယ်
လမ်းတံတားတွေရှည်လျားလာပေမဲ့၊ စိတ်ထားတွေတိုဝင်နေတယ်
မြင်ကွင်းတွေကျယ်လာပေမဲ့ အမြင်တွေကျဉ်းနေတုန်းပဲ
ပိုင်ဆိုင်မှုတွေများလာပေမဲ့တန်ဘိုးတွေကျဆင်းနေတယ်
စကားတွေအများကြီးပြောကြပေမဲ့၊ မေတ္တာတရားခေါင်းပါးလာတယ်
လက္ကာကပြန်ခဲ့ပေမဲ့၊ အိမ်မီးခြင်းဆီမသွားမိဘူး
စားစရာတွေပေါများလာပေမဲ့၊ အဟာရတွေနည်းပါးနေတယ်
ဝင်ငွေမြင့်တက်လာပေမဲ့၊ စာရိတ္တမိုမ့်ကျလာတယ်
တိုက်ကြီးတွေဆောက်ကြပေမဲ့၊ မိသားစုတွေပြိုကွဲနေတယ်
ကမ္ဘာ့ငြိမ်းချမ်းရေကြိုးပမ်းရင်း၊ အိမ်တွင်းမှာတိုက်ပွဲဖြစ်နေတယ်
ဒြပ်စင်တွေကိုခွဲစိတ်ကြပေမဲ့၊ အစွဲတွေကိုမပယ်ဖျောင်နေသေးဘူး
အရည်အတွက်များလာပေမဲ့၊ အရည်အချင်းနည်းသွားတယ်
အာကာသကိုအစိုးရပေမဲ့၊ ရင်ထဲမှာမငြိမ်သက်ဘူး
လေထုသန့်စင်အောင်ကြိုးပမ်းနေပေမဲ့၊ ဝိညာဉ်ဟာညစ်နွမ်းနေတယ်
ဘဝထဲကိုသက္ကရာဇ်တွေပေါင်းထည့်ခဲ့ပေမဲ့၊ အခုသက္ကရာဇ်မှာဘဝမရှိဘူး။။

ကဲ...ဒီထဲမပါအောင်
သင်ရဲ့ကျွန်ုပ်၊ တစ်ခုခုတော့လုပ်မှဖြစ်မယ်
သဘောတူလား...။။

(ဘာသာပြန်)

ခံပွင့်



ချီးမွမ်းတတ်သူ ဖြစ်စေပါ

သခင်ဘုရား
တပည့်တော်ရဲ့
ဘဝမှာလေ
ခုံစမ်းခြင်းများ
ဖြတ်ကျော်စဉ်ခါ
မဖြစ်နိုင်ဟု
ထင်ရစဉ်မှာ
မေတ္တာစိတ်ဖြင့်
တပည့်တော်ပေါ်
လက်တော်ဆန့်တန်း
လွတ်မြောက်ရာလမ်း
ပွင့်ရှာပေးခဲ့
မကောင်းမှုမှ
ချမ်းသာလမ်းသို့
ရောက်သည့်တိုင်အောင်
တပည့်တော်ရဲ့
အသက်တာလမ်းတွင်
ကိုယ်တော်ပေးသနား
ကောင်းချီးများအတွက်
နေ့ရက်စဉ်တိုင်း
ချီးမွမ်းတတ်သူ . . . ဖြစ်စေမူပါ ॥

နန်းဝင့် သံဝင်း

သန္ဓတစ်စုံ



ငါ၏သခင်
ကယ်တင်ခြင်းနဲ့
လူအဖြစ်ယူခဲ့လေရဲ့...
ယုဒမိုက်ပြစ်
အသပြာချစ်ကြောင့်
ခရစ်အသက်တော်စွန့်ခဲ့လေရဲ့ ...
ကယ်တင်၊ အသပြာ
သန္ဓတစ်စုံပါ
လူတိုင်းသိလေရဲ့ ...
ကောင်းပုံ၊ ဆိုးပုံ
သန္ဓတစ်စုံတာ
ဒွန်တွဲကာနေမှာပဲ ...
သြော်...သခင်ဖန်ဆင်း
ကျွန်ုပ်အတွင်းမှာပင်
သန္ဓအစုံ ၊ အဖုံဖုံနဲ့
ဒွန်တွဲပူးညှပ်နေပါလားသခင် . . . ။

ဇော်လတ်အောင်
(ရွှေဘို)

" သိုးထိန်းအသံ " စာစောင်ကို၊ မန္တလေးကက်သစ်သာသနာလူထုဆက်သွယ်ရေးနှင့်ပြန်ကြားရေးရုံး (Signis)မှ(၂)လတစ်ကြိမ်ထုတ်ဝေသည်။

အားတင်းထားစမ်းပါ

စာရေးသူသည် ၁၈ သြဂုတ် ၂၀၀၅ ရက် သောကြာမှစ၍ အစာအိမ်ယောင်ရောဂါကြောင့်ဆေးရုံတက်ခဲ့ရပါသည်။ ၂၇ ရက်နေ့မှာတော့အဖျားတက်ကာသတိလစ်လုလုဖြစ်၍ ဆေးရုံတက်ခဲ့ရကာ ထိုနေ့မှစ ၅တစ်ပတ်ကျော် အိပ်ယာပေါ်မှာပုံးပုံးလဲ အစာမစားနိုင် အိပ်ယာပေါ်ဆန်ပြုတ်သောက်ရင်း ဆေးဝါးမှီဝဲ နေရစဉ်မိမိဖြစ်ပျက်နေမှုတွေ၊ ရှေ့ဆက်ဖြစ်လာမည့် အရာများကိုတွေးရင်း အားငယ်စိတ်တွေ ပြင်းထန်လာပါသည်။ ထိုချိန်တွင် သူငယ်ချင်းများ၊ အကြီးအကဲများ၏ အားပေးစကားများကြောင့် မိမိကိုယ်ကို အားတင်းထားကာ မိမိကိုယ်ကို အားပေးနေမိပါသည်။ အားပေးသည်ဆိုသော်လည်း မိမိကျန်းမာရေးနှင့် ရှေ့ဆက်ရမည့်ဘဝခရီးအတွက် တွေးမိတွေးရာ အတွေးများမှ စာဖတ်သူများ (အထူးသဖြင့် လူငယ်များ) ထံသို့ဝေမျှလိုပါသည်။

လူတစ်ယောက်တွင်ကိုယ်ခန္ဓာနှင့်စိတ်ဟူ၍ရှိပေသည်။ကိုယ်ခန္ဓာအတွက်အင်အားကြီ့ခိုင်လာစေရန်အစားအစာအာဟာရနှင့် ကိုယ်ခံမါတ်အားပြည့်စေသော အားဆေးများစားသုံးကြရသည်။ ဤတွင်စိတ်အတွက်လည်းစိတ်ဓါတ်ကြီ့ခိုင်အောင်စိတ်အားဖြည့်တင်းပေးရပေသည်။

တစ်ခါတရံတွင်စိတ်ကပင်အားငယ်စရာဝမ်းနည်းစရာတို့ကိုလက်ခံစဉ်းစားခြင်းဖြင့် အားငယ်စိတ်ဓါတ်ကျရတတ်ပေသည်။ "ငါ့ဘဝဘယ်တော့များမှအဆင်ပြေပါတော့မလဲ၊ ငါ့လိုအင်ဆန္ဒပြည့်ဝတော့မှာမဟုတ်ပါဘူး။ ငါ့ဘဝတော့ လုံးပါးပါးပါပြီ၊ ငါကြံစည် တောင့်တသမျှဘယ်တော့မှဖြစ်လာနိုင်မှာမဟုတ်ပါဘူး၊ မျှော်လင့်ချက်တွေဝေးပါပြီ" စသည်ဖြင့်အဆိုးအပျက်များကိုသာစဉ်းစားပြီး အားငယ်နေမိပါသည်။

အရှုံးအပျက်တရားများကြုံရဖန်များလာသောခါတွင်လည်းစိတ်ဓါတ်ကျနိုင်ပါသည်။ဤသည်မှာမထူးဆန်းပေ။စင်စစ်အားဖြင့်အပျက်တရားသည်အဆန်းမဟုတ်ချေ။ လောကတွင်အပျက်တရားသာမဟုတ်၊ အဖြစ်တရားလည်းရှိနေပါသည်။

လူ့လောကတွင် မျက်လုံးတစ်ဖက်ကန်းသူ၊ စုံလုံးကန်းသူ၊ ခြေတစ်ဖက်၊ လက်တစ်ဖက်မရှိသူ၊ နှစ်ဖက်စလုံးမရှိသူ ဆို့အ၊ နားမကြားသူများလည်းလုပ်သင့်သမျှလုပ်ကိုင်ဆောင်ရွက်၍ရှင်သန်နေသော

ဘဝကိုအသုံးကျအောင် ကြိုးစားအားထုတ်နေကြပေသည်။ သို့ဖြစ်ရာ သာမန်လူကောင်းတစ်ယောက်ဖို့ အလားအလာမရှိနိုင်စရာ အကြောင်းမရှိပါ။

စိတ်ဓါတ်ကျသော အကြောင်းများသည် တကယ်တန်းမမှန်ကန်သည်များကိုလည်းကြုံဖူးပေမည်။ စိတ်ပျက်အားလျော့စေသော အကြောင်းဟူသမျှသည် ပကတိထက်ပို၍ ပမာဏကြီးမားပုံရနေတတ် ပေသည်။ ထိုသဘာဝတရားများကို စဉ်းစားမိလျှင်အကြောင်းမလုံလောက်ဘဲ၊ မိမိ၏ပျော့ညံ့မှု ကြောင့်စိတ်ပျက်ခြင်း၊ စိတ်ဓါတ်ကျနေမိခြင်းများကို သင်မြင်ရပါလိမ့်မည်။ ထို့ကြောင့်အလွယ်တကူ စိတ်ဓါတ်မကျစေရန် သတိထားရမည်။

စိတ်ကိုတင်းရမည်၊ စိတ်တင်းခြင်းသည်မိမိကိုယ်မိမိ အားပေးခြင်း၊ အားဖြည့်ခြင်းပင်ဖြစ်သည်။စိတ်ကိုအလွယ်တကူလျှော့ချတတ်သူ၊ စိတ်ပျက်လွယ်သူသည် အကျင့်ပါသွားတတ်လေသည်။ အလကားနေရင်းပိုက်ဆံမပေးရတိုင်းစိတ်ပျက်နေတတ်သည့်အကျင့်၊ အလေ့အထကိုမစွဲ မိစေရ။ လက်ခံစရှိလျှင် အလွယ်နှင့်ဝင်လာတတ်ပေသည်။ "မိုးရွာလိုက်တာ လည်းလွန်လို့ပါလား. . . " ဟုစိတ်ပျက်နေမည့်အစား"မိုးရွာလျှင်ထီးဆောင်းသွားမည်၊ မိုးကာ အကျီ၀တ်သွားမည်" ဟုဆုံးဖြတ်ရမည်၊ "မိုးရွာချင်သလောက်ရွာ စမ်းပါစေ၀ါ့အလုပ်ကိုလုပ်ဖြစ်အောင် လုပ်ပြလိုက်မယ်" ဟုမိုးကို အံတုရပေမည်။ မိမိဘဝပေးအခြေအနေကိုလည်းအံတုနိုင်စွမ်းရှိရမည်။ "ဆင်းရဲစမ်းကွာ တစ်နေ့ချမ်းသာလာအောင်လုပ်ပြမယ်" ဟုမာန်ဇွဲ၊ အံခဲ၍ ရုန်းကန် ကြိုးစားရမည်၊ "အခြေအနေမကောင်းလို့ ဆင်းရဲတာပဲ" ဟုအမွဲတွင်း၌ နှစ်သိမ့်ကျေနပ်နေမည်ဆိုလျှင် ဘယ်နည်းနှင့်မျှချမ်းသာနိုင်မည်မဟုတ်ပါ။

ခရီးမထွက်သူသည်ဘယ်ကိုမျှ ခရီးမရောက်နိုင်၊ ခြေလျင်ခရီးနှင့်တင်းတိမ်နေလျှင်မော်တော်ကား၊ မီးရထား၊ အမြန်ယာဉ်များ ပေါ်လာမည်မဟုတ်၊ လေယာဉ်ပျက်ကျမည်ကိုကြောက်နေလျှင် လေယာဉ်ခရီး သွားဖူးတော့မည်မဟုတ်ပေ။ လူ့လောကတွင် အပျက်တရားကို ကျော်လွှားပြီး အဖြစ်တရားကို တည်ဆောက်နိုင်မည်။

ဘဝတွင်အားမန်၊ ဇွဲသတ္တိ၊ စိတ်ဓါတ်ကြံ့ခိုင်ဖို့လိုသည်။ ပျော့ညံ့ပြီးမဖြစ်၊ စိတ်ယိုင်ပြီးမဖြစ်၊ အားငယ်၊အားလျော့တတ်ပြီးမဖြစ်၊ အားတင်းထားရန်လိုသည်။ "ငါမအိုသေး၊ ငါမသေသေး၊ ငါမရှုံးသေး၊

"သိုးထိန်းအသံ" စာစောင်ကို၊ မန္တလေးကက်သစ်သာသနာလူထုဆက်သွယ်ရေးနှင့်ပြန်ကြားရေးရုံး (Signis)မှ(၂)လတစ်ကြိမ်ထုတ်ဝေသည်။

ငါမလျှောသေး" ဟူ၍အဖန်တလဲလဲနှလုံးသွင်းထားရပေမည်။ လူ့ခန္ဓာကိုယ်တွင်နာကျင်မှုမှအစဘဝ၏နာကျည်းဘွယ်ရာများ ခံစားမှုများကိုလည်း တင်းခံနိုင်သော စိတ်ဓါတ်က ဝေဒနာခံစားမှုလျော့ပါးသွားစေနိုင်လေသည်။ စိတ်ကိုတင်းနိုင်ပါက စိတ်အင်အားလည်းပို၍ကြီးမားလာမည်။ တစ်ခါတရံလူကအရှုံးနှင့်ကြုံပါစေ စိတ်ကမရှုံးဖို့လိုအပ်ပါသည်။

အချို့မကျန်းမာ၍သေခါနီးလူမမာများ ပင်လျှင်သူတို့တွေ့လိုသော သံယောဇဉ်ကြီးမားသူများရပ်ဝေးမှ ရောက်မလာ မချင်းအသက်မကုန်သေးဘဲ၊ ဆန္ဒပြည့်ခါမှအားမန်လျှော့လိုက်သည့်အလားအသက်ကုန်သွားသည်ကိုတွေ့ဖူးပေမည်။ ဤသည်မှာစိတ်တင်းအားကြောင့် အသက်ကိုဆွဲဆန့်ထားနိုင်သည့် သဘောပင်ဖြစ်သည်။ အချို့ သေလုမျောပါးခံစားရပြီးမှ အသက်ပြန်ရှင်လာသူများသည်လည်း 'ငါမသေနိုင်ဘူး၊ ငါမသေရဘူး' ဟုစိတ်အားတင်းမှုများကြောင့်ဖြစ်ရသည်ကို တွေ့ရှိနိုင်ပေသည်။

ထို့ကြောင့်စိတ်အားတင်းခြင်းကိုသေးငယ်သောအခါအခွင့်မှစ၍သတိနှင့်လေ့ကျင့်ရန်လိုသည်။ အခက်ခဲတွေ့တိုင်းနောက်သို့ဆုတ်ဆိုင်း ရှောင်ဖယ်ခြင်း မပြုဘဲ ကြုံ့ကြုံ့ခိုင်နိုင်ရန်လေ့ကျင့်ထားရမည်။ "အားတင်းထားနိုင်သမျှ အရှုံးကိုလှမ်း၍ မမြင်နိုင်သေး၊ အောင်မြင်ရန်အလားအလာရှိနေဆဲ" ဟူ၍ဆိုရပေလိမ့်မည်။ ဘဝကိုရင်ဆိုင်နေရသော အသင်လူငယ်သည်လည်း "အားတင်း၍သာထားစမ်းပါ" ဟုတိုက်တွန်းလိုက်ရပါသည်။

ချန်ချာလ (မိုးကောင်း)

ယုံကြည်ခြင်းအမွေ

ဓမ္မဟောင်းမှာ သစ်ပင်ရဲ့အသီးကြောင့် အာဒံနဲ့သားစဉ်မြေးဆက် ဒုက္ခရောက်ခဲ့ရပေမဲ့ဓမ္မသစ်မှာ သစ်တိုင်ရဲ့အသီးကြောင့်လူသားတွေ ကယ်တင်ခြင်းခံကြရပါတယ်။ မီးကိုမီးနဲ့ငြိမ်းလို့မရသလိုရန်ကိုရန်ချင်းတုံ့ နှင်းလို့လည်းမရပါဘူး။ ဒါကြောင့် အာဒံရဲ့မနာခံမှုကိုသခင်ယေဇူးက နာခံခြင်းနဲ့ဖြေရှင်းပေးတော်မူခဲ့တာဖြစ်ပါတယ်။ "ငါသည် ခမည်းတော်အားဖြင့် အသက်ရှင်သည်နည်းတူ ငါ့ကိုစားသောသူသည်ငါ့အားဖြင့် အသက်ရှင်လိမ့်မည်" (ယောဟန် ၅၇)။ ရှင်ပြန်ထမြောက်တော်မူတဲ့သခင်ဘုရားကကျွန်ုပ်တို့ အတွက်ထာဝရအသက်ကို ကတိထားတော်မူခဲ့ပါတယ်။ ဒီစကားဟာယုံကြည်သူများအတွက်ခွန်အားဖြစ်ပေမဲ့မယုံကြည်သူများအတွက်ကတော့သခင်ဘုရား ရှင်ပြန်ထမြောက်တော်မူတယ်ဆိုတာကိုအငြင်းပွားစရာဖြစ်နေရပါတယ်။

အချို့ကသခင်ဘုရားသေခံတော်မူတာဟာ"အားမတန်လို့မာန်လျှော့ပြီးဝင့်ရှိလို့ခံလိုက်ရတာ"လို့ဆိုပါတယ်။ ဗုဒ္ဓဘာသာမှာ ဘုရားအဖြစ်ကိုရဖို့ စွန့်ခြင်းငါးပါးကိုပြုရတယ်လို့ ဆိုပါတယ်။ စွန့်ခြင်းငါးပါးကတော့ ပစ္စည်းဥစ္စာကို စွန့်ခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို စွန့်ခြင်း၊ သား၊ သမီးကိုစွန့်ခြင်း၊ ဇနီးမယားကိုစွန့်ခြင်းနဲ့ နောက်ဆုံးအသက်ကိုစွန့်ခြင်းတို့ပါပဲ။

ဒီလိုစွန့်ရတဲ့ အရာငါးပါးဟာ တစ်ပါးထက်တစ်ပါး မြတ်နိုးတန်ဖိုးထားမှုပိုမိုကြီးမားတယ်ဆိုတာ သတိပြုမိမှာပါ။ မြတ်နိုးတန်ဖိုးထားလေစွန့်လွှတ်ပေးဆပ်အနစ်နာခံဖို့ ခက်ခဲလေပါပဲ။ အခက်ဆုံးကိုမှ သခင်ဘုရားကလက်တွေ့ကျင့်ပြတော်မူခဲ့ပါတယ်။ "ကိုယ့်အဆွေတို့အဖို့ငှါ ကိုယ့်အသက်ကိုစွန့်ခြင်းမေတ္တာထက်သာ၍မြတ်သော မေတ္တာသည်မရှိ" (ယောဟန်၁၅)။ သခင်ဘုရားအနေနဲ့လူ့အဖြစ်ကိုယူတော်မမူခင်ကတည်းကဝေဒနာလမ်းကိုကြိုတင်မျှော်မှန်းထား

ပြီးဖြစ်ပါတယ်။ "ကိုယ်တော်သည်ယဇ်နှင့် ပူဇော်သက္ကာကိုအလိုတော်မရှိသည်ဖြစ်၍ ကျမ်းစာလိပ်၌အကျွန်ုပ်ကို ရည်ညွှန်းပြီး ရေးထားသည်နှင့်အညီအကျွန်ုပ်သည်သွား ပါမည်ဟုဝန်ခံပါ ၏" လို့ (ဆာလံ၄၀း၈) မှာတွေ့ရပါတယ်။ ကိုယ်တော်ခံထမ်းရမဲ့ ဒုက္ခဟာ အလဟသမဖြစ်မှန်းသိလို့ လိုလိုလားလား ခံထမ်းတော်မူခဲ့ခြင်းဖြစ်ပါတယ်။ လူရဲ့အသက်ဖြစ်တဲ့သွေးကို တစ်စက်မကျန် သွန်းလောင်းပေးပြီး မိမိကိုယ်ကို ကျွန်ုပ်တို့အတွက် စတေးခဲ့တာဖြစ်ပါတယ်။ ကြောင်စာဖြစ်တော့မယ့် ကြွက်ရဲ့စွန့်လွှတ်ခြင်းဟာ ဒါနမမြောက်ပါဘူး။ သခင်ဘုရားကတော့ ကားတိုင်လမ်းဟာ ခါးသီးမှန်းသိပေမဲ့ ခမည်းတော်ရဲ့အလိုတော်ကိုနာခံခြင်းသာဖြစ်ပါတယ်။ မတတ်သာလို့မဟုတ်ပါ။ သိလျှက်နဲ့စွန့်လွှတ်ခြင်း ဖြစ်ပါတယ်။ ပျားတွေဟာပျားဖယောင်းတွေဖြစ်အောင်လုပ်ကြတယ်။ ဂျုံစပါးတွေဟာ မြေမှာကျပြီး အပင်ပေါက်တဲ့အခါ အသီးများစွာသီးတယ်။ သစ်ပင်ပန်းမာလ၊ တိရိစ္ဆာန်တွေဟာ လူတွေအတွက် အစားသောက်၊ အဝတ်အထည်၊ ဆေးဝါးတွေဖြစ်လာတယ်။ ဒါတွေဟာပိုပြီးကောင်းတဲ့ အကျိုးကျေးဇူးကိုရဖို့ မိမိဘဝကို အသုံးချ အနစ်နာခံလိုက်ခြင်းပါပဲ။ သခင်ဘုရားရဲ့ ကျိုးပဲ့တဲ့ခန္ဓာကိုယ်ကြောင့် ကျွန်ုပ်တို့ ထာဝရအသက်ရှင်ခွင့်ရကြပါတယ်။ "ထိုသူသည် ငါတို့၏ လွန်ကျူးခြင်းအဖြစ်များကြောင့် နာကျင်စွာနှိပ်စက်ခြင်းကိုခံရလေ၏။ သူခံရသောဒဏ်ချက်များအားဖြင့် ငါတို့သည် အနာပျောက်လျှက်ရှိကြ၏" (ဟေရှာယ-၅၃း၅)။ ဒါကြောင့် သခင်ဘုရားအနေနဲ့ အားမတန်လို့ မာန်လျှော့ပြီးဝင့်ရှိလို့ခံရတာမဟုတ်ပါဘူး။ ထာဝရအသက်ကိုရဖို့ရာ လောကအသက်နဲ့ပေးဆပ်ခဲ့တာဖြစ်ပါတယ်။

တချို့ကတော့ "တပည့်တော်ကြီးတွေဟာ အလောင်းတော်ကိုခိုးယူသွားကြပြီး သခင်ဘုရားရှင်ပြန်ထမြောက်ထယ်လို့ လိမ်ညာခဲ့ကြတာပါ" လို့ဆိုကြပါတယ်။ တကယ်တော့ တပည့်တော်ကြီးတွေသာအလောင်းတော်ကိုခိုးသွားရိုးမှန်ရင် ရဟန်းအကြီးအကဲတွေနဲ့ရောမအာဏာပိုင်တွေဟာမြေလှန်ပြီး ရှာကြမှာမလွဲပါပဲ။ တွေ့များတွေ့ခဲ့ရင် ပုပ်ပွနေတဲ့အလောင်း ကိုလမ်းလယ်မှာကြိုးနဲ့ဆွဲပြီး ''ဒါလားဟဲ့. . . ရှင်ပြန်တဲ့သူ" လို့သရော်မှာ အမှန်ပါပဲ။ အဲဒီအတိုင်းဖြစ်ခဲ့လို့ကတော့ ကျွန်ုပ်တို့လည်းယုံကြည်သူဖြစ်လာစရာအကြောင်းမရှိပါဘူး။ သခင်ဘုရားအဖမ်းခံရတော့ သံပေတရူးက

''သိုးထိန်းအသံ''စာစောင်ကို၊ မန္တလေးကက်သစ်သာသနာလူထုဆက်သွယ်ရေးနှင့်ပြန်ကြားရေးရုံး (Signis)မှ(၂)လတစ်ကြိမ်ထုတ်ဝေသည်။

မသိပါဘူးလို့ငြင်းခဲ့သလို တခြားတပည့်တော်ကြီးတွေလည်း ခြေဦးတည့်ရာထွက်ပြေးတိမ်းရှောင်နေခဲ့ကြပါတယ်။ အဲဒီလို ယောက်ျားတန်မဲ့ သူရဲဘောကြောင်ခဲ့တဲ့ သူတွေဟာ ကမ္ဘာအနှံ့သွားပြီး ရှင်ပြန်ခြင်းတရားဟောရဲတာဘာကြောင့်ပါလဲ။ အသိဉာဏ်မရှိတဲ့တိရိစ္ဆာန်တွေတောင် အသက်ဘေးက လွတ်အောင်ပြေးတတ်ကြပါတယ် လူတွေကဆို ကိုယ်အသက်နဲ့ခန္ဓာကိုနည်းအမျိုးမျိုးနဲ့ကာကွယ်နေကြပါတယ်။ ရှင်ပြန်ထမြောက်ခြင်းအကြောင်း ဟောရင် အသတ်ခံရမယ်ဆိုတာသိပါလျှက်နဲ့ဟောရဲကြတာ တပည့်တော်ကြီးတွေဖက်က သေချာလို့ပါ။ ထောင်မြင်လို့ ရာစွန့်ပြီး ထာဝရအသက်ကို လောကီအသက်နဲ့ အလဲအထပ်လုပ်ခဲ့ကြတာပါ။

တချို့ကြပြန်တော့ "သခင်ယေရူးကကားတိုင်ပေါ်မှာ မေ့မြောသွားတာကိုတပည့်တော်ကြီးတွေဟာတိတ်တဆိတ်ဆေးကုပေးခဲ့ကြပြီး ရှင်ပြန်ထမြောက်တယ်လို့ကြွေးကြော်တာပါ" လို့ဆိုကြပြန်ပါတယ်။ ဧဝံဂလိကျမ်းလေးစောင်စလုံးက သခင်ဘုရားကားတိုင်ပေါ်မှာ အသက်တော်စွန့်တော်မူတာကို ဖော်ပြပါတယ်။ နံဘေးတော်ကို ထိုးတဲ့စစ်သူကြီးရဲ့ လှံချက်နဲ့တင်အသက်ပါလောက်ပါတယ်။ တကယ် မသေခဲ့ရင်လည်းဒီလိုပြင်းထန်တဲ့ဒဏ်ရာကို ဆေးကုသဖို့ရာ အချိန်ကြာမှာ ဖြစ်သလို ဖုံးဖိဖို့လည်းခက်ပါတယ်။ "ပုပ်ရင်ပေါ် ဟုတ်ရင်ကြော်" တဲ့။ ဒီလိုမမှန်ဘဲနဲ့ဘယ်သူကအသက်စတေးပြီး ကြွေးကြော်ရဲပါ့မလဲ။ မုသာဝါဒတစ်ခု အပေါ်မှာအခြေခံခဲ့ရင်လည်း ဒီလောက်နှစ်ပေါင်းနှစ်ထောင် ကျော်တည်တံ့ခိုင်မြဲပါ့မလား။ ဣသရေလမျိုးတွေဟာ မိုးဇယ်ရဲ့ တရားကျမ်းတွေကို ဦးထိပ်ထားကြပါတယ်။ (တရား ၂၁း၂၃) မှာ "သစ်တိုင်၌ဆွဲထားခြင်းကို ခံရသော သူသည်ဘုရားသခင်၏ ကျိန်ဆိုခြင်းကို ခံရသောသူဖြစ်၏" လို့ဆိုပါတယ်။ ဒီလိုအသတ်ခံရသူကိုဘယ်ဣသရေလမှ မက်ဆီးယား အဖြစ်လက်ခံချင်မှာမဟုတ်ပါဘူး။ ဒါပေမဲ့ ကျမ်းတတ်ဆရာ ဖာရိရှဲ စောလူး

ကိုယ်တိုင်က တပည့်တော်ကြီး ပေါလူး အဖြစ်နဲ့ရှင်ပြန်တဲ့ သခင်ဘုရားကို သက်သေခံခဲ့ပါတယ်။ သခင်ဘုရား ကိုယ်တိုင်က လည်းယုံကြည်ခြင်းအားနည်းတဲ့ တပည့်တော်ကြီးသောမတ်စ်ကို ထင်ရှားပြတော်မူခဲ့ပါတယ်။ ရှေးဦး ခရစ်ယာန်တွေဟာ လည်းရှင်ပြန်တဲ့ သခင်ဘုရားကိုယုံကြည်ကိုးစားလို့ ရောမအင်ပါယာမင်းဆက်ဆယ်ဆက်တိုင်တိုင် နှစ်ပေါင်း သုံးရာကျော်ညှင်းပမ်း နှိပ်စက်ခံခဲ့ကြရပါတယ်။ မမှန်ကန်တဲ့ ကိစ္စတစ်ခု အတွက်ဘယ်သူကမျှားကိုယ့်ကိုယ် ခြသေ့စာကျွေး၊ မီးရှို့သတ်ခံရဲပါ့မလဲ၊ ဘယ်လိုပဲ စောဒက တက်တက်အဖြေရှိပါတယ်။

တပည့်တော်ကြီးတွေနဲ့ရှေးဦးခရစ်ယာန်တွေဟာအသက်ပေးပြီးယုံခဲ့ကြလို့သူတို့ဆီက ယုံကြည်ခြင်းအမွေကိုကျွန်ုပ်တို့ခံစားရရှိကြပါတယ်။ ဒီယုံကြည်ခြင်းအမွေကို မျိုးဆက်သစ်အတွက် လက်ဆင့်ကမ်းနိုင်ဖို့ ကျွန်ုပ်တို့ကြိုးစားကြပါစို့။

သခင်ယေရှူးကောင်းကင်ဘုံသို့ တက်ကြွတော်မူခြင်းဟူသည်မှာ

ခရစ်တော်၏ ကောင်းကင်ဘုံသို့ ကြွမြန်းခြင်းဆိုတာ ခရစ်တော်သေခြင်းမှ ရှင်ပြန်ထမြောက်ပြီးတဲ့နောက် ရက်(၄၀) ပြည့်မှာ ကောင်းကင်ဘုံနန်းသို့တက်ကြွတော်မူတဲ့ပွဲနေ့တော်မြတ်ကို ကျင်းပခြင်းဖြစ်ပါတယ်။ ဒီအချက်ကို ခရစ်ယာန်တွေရဲ့ယုံကြည်ချက်မှာ "ကောင်းကင်ဘုံသို့တက်ကြွတော်မူ၍ ခမည်းတော်ဘုရား၏ လက်ယာဖက်တွင် စံနေတော်မူ၏" လို့ အစဉ်အမြဲဝန်ခံကြပါတယ်။ ဓမ္မသစ်ကျမ်းစာထဲမှာ မကြာခဏဆိုသလိုပဲ ခမည်းတော်ဘုရားရဲ့လက်ယာဘက်မှာ ခရစ်တော်အားချီးမြှင့်တင်မြှောက်ခြင်းအကြောင်း တွေ့ရပါတယ်။ အဲဒီထဲမှာ အထင်ရှားဆုံးကျမ်းပိုဒ်တစ်ခုကတော့ (ဖိလ္လပိ-၂း၆-၁၁) ဖြစ်ပါတယ်။

"ဤအကြောင်းကြောင့်ထာဝရဘုရားသည် ကိုယ်တော်အား အထက်ဘဝဂ်သို့ တိုင်အောင်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက်ကြီးမြတ်သောဘွဲ့နာမကိုပေးသနားတော်မူ၏။ ထို့ကြောင့် မိုးပေါ်နှင့်မြေအောက်ရှိသတ္တဝါ အပေါင်းတို့သည်သခင်

ယေဇူး၏နာမတော်ကိုရိုသေလျှက် ဦးညွှတ်ရှိခိုးကာယေဇူးခရစ် သည်အရှင်သခင်ဖြစ်တော်မူသည်ဟုနှုတ်ဖြင့်ဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထွန်းတောက်စေကြလိမ့်မည်" လို့ ဆိုထားပါတယ်။

(ဗျာဒိတ် ၁၉း၁၆) ကဖော်ပြတဲ့ အတိုင်းခရစ်တော်ဟာ "ဘုရင်တကာတို့၏ ဘုရင်၊ အရှင်တကာတို့၏အရှင်" ဖြစ်ပါတယ်။ ခရစ်တော်အရှင်ဟာ ဘုရားအဖြစ် ဘုန်းဂုဏ်တော်၊ အုပ်စိုးမှု၊ တန်ခိုးအာဏာ၊ ဘုရားဖြစ်ခြင်းတို့မှာ အဖခမည်းတော် ဘုရားနဲ့အတူတူ စံစားလျက်ရှိနေပါတယ်။ ခရစ်တော်ကောင်းကင်ဘုံသို့ တက်ကြွတော်မူကြောင်းကို (တမန်တော် ဝတ္ထု ၂း၃၄၊ ၅း၃၁၊ ၇း၅۶ ၊ယော ၈း၃၄၊ ဧဖက် ၁း၁၇-၂၃) တို့မှာတွေ့ရပါတယ်။

အရေးကြီးတဲ့ နောက်တစ်ချက်ကတော့ ကောင်းကင်ဘုံသို့ခရစ်တော်ရဲ့ တက်ကြွခြင်းနဲ့အတူအသင်းတော်ရဲ့ခေတ် (သို့) အချိန်ကာလ (The time of the Church)လို့ပြောတဲ့ ခေတ်သစ်၊ အချိန်သစ်စတင်ပါတယ်။ ဒီအချိန်သစ် အသင်းတော်ရဲ့ခေတ်မှာ ဘုရားသခင်ဆီ ပြန်ကြွသွားတဲ့သူ ခရစ်တော်ဟာသူ့ရဲ့နောက်လိုက်များနဲ့အသစ်သောနည်းလမ်းပုံစံတစ်မျိုးအားဖြင့် နီးနီးကပ်ကပ်ရှိနေပါတယ်၊ အတူရှိနေပါတယ်။ (တမန်တော် - ၂း၃၄) မှာ ဖတ်ရှုရတဲ့ အတိုင်း အဖခမည်းတော်ဘုရားထံက သန့်ရှင်းသောဝိညာဉ်တော်ဘုရားကို သူတို့ထံစေလွှတ်ခဲ့ပါတယ်။

"သင်တို့သည် ကမ္ဘာမြေကြီးအစွန်အဖျားတိုင်အောင် ငါ၏အကြောင်းကို သက်သေခံသူများဖြစ်ကြလိမ့်မည်" လို့ တမန်တော် ဝတ္ထုကျမ်းမှာပါတဲ့အတိုင်း ခရစ်တော်ဟာ မိမိရဲ့ကယ်တင်ခြင်းလုပ်ငန်းတော်ကို တပည့်တော်ကြီးများကဆက်လက် လုပ်ဆောင်ဖို့ ခွန်အားကျေးဇူးကိုပေးအပ်ပါတယ်။

အဓိပ္ပာယ်က အသင်းတော်ရဲ့ အချိန်ကာလ (သို့) အသင်းတော်စတင်တဲ့ ခေတ်အချိန်ဟာ ခရစ်တော်ကိုယ်တိုင် လောကမှာ သက်ရှိ ထင်ရှားလှုပ်ရှားခဲ့တဲ့ အချိန်ကာလနဲ့ တစ်ဆက်ထဲပဲ ဆိုတာကို ပြောချင်တာပါပဲ။

တကယ်တမ်းပြောမယ်ဆိုရင်တော့ ခရစ်တော် ကောင်းကင်နန်းသို့ ကြွမြန်းခြင်းဟာ ကမ္ဘာမြေပေါ်မှာသူ၏တည်ရှိခြင်းပြီးဆုံးသွားခြင်းဆိုတာထက် အသစ်စတင်တယ်ဆိုရင် ပိုမှန်ကန်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘုန်းဂုဏ်တော်နဲ့ချီးမြှောက်ခံခဲ့ရတဲ့ခရစ်တော်ဟာ သူ့ရဲ့ကယ်တင်ခြင်း

လုပ်ငန်းကို သန့်ရှင်းသော ဝိညာဉ်တော်ဘုရားနဲ့အတူ လူ့သမိုင်းနဲ့အသင်းတော်ထဲမှာဆက်လက်ပြီး လုပ်ကိုင်ဆောင်ရွက်မယ့် အချိန်ကာလကို စတင်လိုက်ခြင်းသာဖြစ်တယ်လို့ဆိုလိုပါတယ်။

ဒီသဘောတရားကြောင့် ကောင်းကင်နန်းသို့ ကြွမြန်းခြင်းဟာ ခရစ်တော်အဝေးကို ထွက်ခွာသွားခြင်းဆိုတဲ့ နက်နဲရာအချက်ဖြစ် ရုံမကကျွန်ုပ်တို့နှင့်အတူရှိသော ဘုရားသခင် (Emmanuel) ဆိုတဲ့ ခရစ်တော်ကျွန်တော်တို့နဲ့အတူရှိနေခြင်းဆိုတဲ့ အံ့သြဖွယ် အချက်လည်းဖြစ်နေပါတယ်။

ဘုရားသခင် လောကထဲကို ကြွလာခြင်းရဲ့အဓိပ္ပာယ်တစ်ခုလုံး၊ သားတော်ရဲ့ လူ့အဖြစ်ကို ယူခြင်း၊ ခရစ်တော်ရဲ့ ဘဝအသက်တာ၊ ဒေသနာတရားတော်၊ သူ့ရဲ့သေခြင်း ရှင်ပြန်ထမြောက်ခြင်းတို့အားလုံးဟာကျွန်တော်တို့ရဲ့(Emmanuel) အမြဲတမ်းဖြစ်ဖို့၊ ကျွန်တော်တို့ နဲ့ အစဉ်အမြဲရှိနေဖို့၊ ကောင်းကင်ဘုံ၌ ထာဝရအတူ ရှိနေဖို့သာမကဘဲ ကျွန်တော်တို့ အသက်ရှင်နေစဉ်ရုန်းကန်လှုပ်ရှားနေစဉ် လောက မှာ အတူရှိနေဖို့၊ ကျွန်တော်တို့ အလယ်မှာ ရှိနေဖို့ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ "စောင့်မျှော်ခြင်း" နဲ့ပတ်သက်ပြီး ဝေမျှချင်ပါတယ်။ ကျွန်တော်တို့လူတော်တော်များများအတွက်စောင့်ရတဲ့အလုပ်ဟာတော်တော်ပျင်းစရာ၊ ငြီးငွေ့စရာ၊ စိတ်ပျက်စရာကောင်းတဲ့အရာဖြစ်နေပါတယ်။ ဆိုလိုတာက အလုပ်တစ်ခုနဲ့တစ်ခုကြား ပြသနာ၊ အခက်အခဲတစ်ခုနဲ့တစ်ခုကြား တစ်ခုခုလုပ်ဖို့စောင့်စားနေရတဲ့ အချိန်တွေကို ဘာမှအသုံးမကျတဲ့အချိန်၊ ဆုံးရှုံးတဲ့အချိန်၊ ဖြုန်းပစ်တဲ့အချိန်၊ ထည့်တွက်စရာမလိုတဲ့အချိန်လို့ ယူဆတတ်ကြတယ်။ဒါကြောင့် ကိစ္စကြီးငယ်မလုပ်ရသေး၊ မရှိသေးတဲ့ အချိန်ပိုင်းလေးတွေ၊ တစ်ခုခုဖြစ် ဖို့စောင့်မျှော်နေရတဲ့အချိန်၊ ပြောထား၊ ကတိပေးထားတာတွေဖြစ်လာဖို့ စောင့်နေရတဲ့ အချိန်တွေမှာ ဂနာမငြိမ်ဖြစ်ပြီး ခက်ခဲတတ်ပါတယ်။

(တမန်တော်ဝတ္ထု ၁:၁၁)မှာ တပည့်တော်ကြီးတွေဟာ ခရစ်တော်မိုးကောင်းကင်တက်ကြွသွားတာ မိုးတိမ်ထဲကိုပျောက်ကွယ်သွားတာကို အာရုံစိုက်ကြည့်နေတော့ ကောင်းကင်တမန်နှစ်ပါးထင်ရှားပေါ်လာပြီး "အစ္စရေးလူတို့ သင်တို့သည် အဘယ်ကြောင့်ရပ်၍ မိုးကောင်းကင်ကို မော့ကြည့်နေကြသနည်း။ သင်တို့ထံမှကောင်းကင်ဘုံသို့ ဆောင်ယူခြင်းခံတော်မူသောခရစ်တော်သည်အဘယ်သို့

ကောင်းကင်ဘုံသို့ တက်ကြွတော်မူသည်ကို သင်တို့မြင်ရ၏။ ဤနည်းအတိုင်းပင် ထို အရှင်သည်ပြန်လည်ကြွလာတော်မူလတ္တံ့” လို့သတိပေးခဲ့ရပါတယ်။

ကျွန်တော်တို့ဟာလက်ရှိအလုပ်တွေနဲ့ပစ္စုပ္ပန်ကာလကို အားလုံးမေ့ကာ ခရစ်တော်ပြန်ကြွလာမယ်ဆိုတာကိုပဲ အာရုံစူးစိုက်နေလို့မဖြစ်ပါဘူး။ ဒီလိုကြားအချိန်မျိုးမှာကျွန်တော်တို့ရဲ့ အာရုံတွေဟာ ဘုရားသခင်ပေးတဲ့ လက်ရှိကာလကို စူးစိုက်ရပါမယ်။ လာမဲ့အနာဂတ်ကို မျှော်ကိုးနေပြီး စိတ်ကူးယဉ်နေတာထက် ဘုရားသခင်ရည်ရွယ်၊ အလိုရှိတဲ့အတိုင်း လက်ရှိကာလမှာ နေထိုင်အသက်ရှင်ဖို့ လိုအပ်ပါတယ်။

ကောင်းကင်တမန်တွေရဲ့“အဘယ်ကြောင့် မိုးကောင်းကင်ကို မျှော်ကြည့်နေကြသလဲ” ဆိုတဲ့စကားကိုတပည့်တော်တွေနားလည်ပြီး ခရစ်တော်ပြောတဲ့အတိုင်း ဂျေရုဆလင်မြို့ပြန်ကာကတိတော်ပြည့်စုံစေကြပါတယ်။ ဒီလိုစောင့်နေချိန်မှာ သူတို့အတူတကွစုပြီး ဆုတောင်းကြတယ်လို့ (တမန်တော် ၁း၁၄)မှာဖော်ပြထားပါတယ်။

ခရစ်တော် ဆုတောင်းခဲ့တဲ့ အတိုင်း အမိမယ်တော်မာရီးယားလည်း ပါဝင်ပြီး ယုံကြည်သူအားလုံးနဲ့တစ်စည်းတစ်လုံးတည်း တစ်မိသားစုအဖြစ် အသင်းတော်တစ်ခု၊ အဖွဲ့အစည်းတစ်ခုအဖြစ် စုရုံးလို့ ဆုတောင်းမေတ္တာပြုနေခဲ့ကြပါတယ်။

အဲဒီလိုစုပေါင်းဆုတောင်းနေခြင်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော် ဆင်းကြွလာပြီး ကတိတော်ပြည့်စုံတဲ့ အခါမှာ နောင်လုပ်ငန်းအတွက် ပြင်ဆင်ခဲ့ကြပါတယ်။ ဘုရားရဲ့စကားကို နားထောင်လိုက်လျှောက်ပြီး ဆုတောင်းနေခြင်းကသာ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ကျေးဇူး၊ တန်ခိုးခံယူဖို့ အဆင်သင့်ဖြစ်စေပါတယ်။

တမန်တော်ကြီးများရဲ့သာသနာ့လုပ်ငန်းကို ဦးဆောင်လမ်းညွှန်နိုင်တာနဲ့လုပ်ဆောင်နိုင်စေတာဟာ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားပဲဖြစ်ပါတယ်။ အခုချိန်မှာခရစ်တော်ကို သက်သေခံခြင်း၊ နေ့စဉ်လုပ်ငန်းဆောင်တာတွေ ပြုလုပ်ခြင်းတို့မှာ လမ်းညွှန်ပြီးဖြစ်မြောက်စေတာကလည်း သန့်ရှင်းသောဝိညာဉ်တော် ဘုရားပင်ဖြစ်ပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော် ဘုရားတစ်ပါးတည်းသာပဲ ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝသက်တာမှာ အသီးအပွင့်များကို သီးပွင့်နေစေတာပါပဲ။

“သိုးထိန်းအသံ”စာစောင်ကို၊ မန္တလေးကက်သစ်သာသနာလူထုဆက်သွယ်ရေးနှင့်ပြန်ကြားရေးရုံး (Signis)မှ(၂)လတစ်ကြိမ်ထုတ်ဝေသည်။

ဒါကြောင့်လည်း ခရစ်ယာန်များက ကျွန်တော်တို့လူသားမှာရှိနေတဲ့ သြတ္တပစိတ်တရားဟာ သန့်ရှင်းသောဝိညာဉ်တော်ဘုရားရဲ့အသံ၊ ဘုရားသခင်ရဲ့အသံဖြစ်တယ်လို့ပြောခြင်းပင်ဖြစ်ပါတယ်။ အသက်ပေးတဲ့ ဝိညာဉ်တော်ဆိုပြီးတော့လည်း ဘုရားရဲ့နှုတ်ကပတ်ကျမ်းစာတော်မှာ တွေ့ရပါတယ်။

တတိယအချက်ကတော့ဖြစ်ပေါ်၊ ပြည့်စုံ၊ လှုပ်ရှားဖို့စောင့်နေရတဲ့ကြားအချိန်ကာလလေးတွေမှာ ဘုရားသခင်ကတိထားချက်တွေဟာပြည့်စုံလာ လိမ့်မယ် လို့ယုံကြည်ကိုးစားစိတ်ချခြင်း ရှိဖို့လိုအပ်ပါတယ်။ဘုရားတရား၊ ဝိညာဉ်ရေးနဲ့ဆိုင်တဲ့ကျေးဇူးတော်ကတိပဲဖြစ်ဖြစ်၊ ပစ္စည်းဥစ္စာ၊ ရာထူး ဘဝသစ်နဲ့ပတ်သက်တဲ့လောကအရာပဲဖြစ်ဖြစ် ကျွန်တော်တို့ကို ကောင်းချီးမင်္ဂလာပေး ပြီးသူ့ရဲ့ လုပ်ငန်းတော်မှာ အသုံးပြုဖို့ကတိပဲဖြစ်ဖြစ် ဘုရားသခင်ကတိပေးထားတဲ့ အရာအားလုံးဟာ အမှန်တကယ်ဖြစ်ပေါ်လာမယ်။

ဒီလိုကိုးစားစိတ်ချမှုရှိရင်ပစ္စုပ္ပန်အချိန်မှာဘုရားပေးတဲ့ငြိမ်းချမ်းခြင်းကို ခံစားရဖို့ ကျွန်တော်တို့ မိမိကိုယ်မိမိ ဖွင့်ဟထားပြီး အဆင်သင့်ဖြစ်နေပါလိမ့်မယ်။ (ဟေရှာယ ၄၀း-၃၁)မှာ "ထာဝရဘုရားကို မျှော်လင့်စောင့်စားသူတို့သည် ခွန်အားနှင့်ပြည့်စုံကြလိမ့်မည်။ သိမ်းငှက်ကဲ့သို့ အတောင်ပြုပြင်၍ အမြင့် တက်လိမ့်မည်။ ပြေးသော်လည်းမပင်ပမ်း၊ လမ်းလျှောက်သောအခါမမောရကြ "လို့ဆိုထားပါတယ်။

ဘုရားသခင်က အဲဒီစောင့်နေရတဲ့ အချိန်လေးကိုသက်သက် ဖန်တီးထားပေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ စောင့်ဆိုင်းနေစဉ်လေးမှာ လိုအပ်တဲ့ အပမ်းဖြေမှုကို ရရှိပြီး စွမ်းအားနဲ့ ပြည့်ဝနိုင်တယ်။ ပြန်လည်အားရှိလာပြီး ကိုယ်လုပ်ကိုင်ရမဲ့နောက်တစ်ခုအတွက် ပြင်ဆင်ထားပြီးသားဖြစ်သွားပါတယ်။

စောင့်စားနေရတဲ့အချိန်၊ ကြားအချိန်လေးတွေမှာ ဘုရားသခင်ကို အားကိုးစိတ်ချပြီး ပစ္စုပ္ပန်အချိန်ကာလမှာ လက်တွေ့အသက်ရှင်ရပါမယ်။ ခရစ်တော်တောင်းဆိုတဲ့အတိုင်း ဆုတောင်းမေတ္တာပြုခြင်း၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းများအားဖြင့် သူနဲ့အမြဲတမ်း တစ်လုံးတစ်ဝတည်းရှိနေပြီးဆက်လက် အသက်ရှင်နေထိုင်သွားကြပါစို့။

ခွန်အား

"သိုးထိန်းအသံ" စာစောင်ကို၊ မန္တလေးကက်သစ်သာသနာလူထုဆက်သွယ်ရေးနှင့်ပြန်ကြားရေးရုံး (Signis)မှ(၂)လတစ်ကြိမ်ထုတ်ဝေသည်။

သူကဲ့သို့

အမေရိကန် ပြည်ထောင်စုရဲ့ ကျွန်းတစ်ကျွန်းပေါ်မှာ လကမ္ဘာကို ပထမဆုံးသွားမဲ့ အာကာသယာဉ် အပိုလို(၁၁) ကိုလွှင့်တင်ဖို့ရန်ပြင်ဆင်နေကြပါတယ်။ ဖိတ်ကြားထားတဲ့လူပုဂ္ဂိုလ်များနဲ့အသစ်အဆန်းအဖြစ်ကြည့်လိုတဲ့လူအုပ်ကြီးဟာ ထောင်နဲ့ချီပြီးရှိနေကြပါတယ်။ ဒီအထဲမှာသားအဖနှစ်လေပါပါတယ်။ ဒီသားအဖဟာအရမ်းကိုချစ်ကြပြီးတော့သားဖြစ်သူဟာသိပ္ပံပညာကိုသိပ်ကိုစိတ်ဝင်စားခဲ့ပါတယ်။ ဒီလိုနဲ့ကြည့်နေရင်းကအခါန်ကျတဲ့အခါမှာ အပိုလို(၁၁)အာကာသယာဉ်ဟာထွက်ခွါသွားပါတယ်၊ပြင်းထန်တဲ့မီးခိုးလုံးကြီးတွေကြားမှာတည့်မတ်စွာထောင်ပြီးတက်သွားခဲ့ပါတယ်။ ကောင်လေးကငါလည်းတစ်နေ့ကျရင်ဒီလိုသွားချင်လိုက်တာဆိုတဲ့စိတ်ကလေးဝင်လာခဲ့ပါတယ်။ဒါကိုသိတဲ့ဖခင်ဟာသားရဲ့ပုခုံးကိုကိုင်ပြီးတော့ "ငါ့သားရယ်စိတ်ချပါတစ်နေ့ ငါတို့မင်းတို့လည်းသူတို့လိုပဲလကမ္ဘာကို သွားကြရမှာပါလို့"ပြောသတဲ့ဒီအဖြစ်အပျက်ကလေးဟာကျွန်တော်တို့ခရစ္စယာန်တွေအနေနဲ့ ကယ်တင်ရှင်ယေဇူး ရှင်ပြန်ထမြောက်တဲ့ကာလမှာ စဉ်းစားစရာနဲ့ ခွန်အားယူစရာ အဖြစ်ခံယူလို့ရပါတယ်။ ကယ်တင်ရှင်ဟာ လူထဲကလူ့ဘဝကနေပြီးတော့သေခြင်းကို ခံယူလျှက်၊ လောကကို အောင်မြင်ကာကျွန်တော်တို့ခင်ဗျားတို့ ရှေ့မှာပဲကောင်းကင်ဘုံကို တက်သွားခဲ့ပါတယ်။ ဒီတော့ ကိုယ်တော်ရှင်ရဲ့ ခရစ်ယာန် အယူဝါဒကို ယူထားတဲ့သူတွေဖြစ်တဲ့ ကျွန်တော်တို့ကလည်း တစ်နေ့ ဒီကောင်းကင်နိုင်ငံကို သွားရပါ့မလား၊ စဉ်းစားစရာပါ မိတ်ဆွေ။ ကျွန်တော့်အနေနဲ့ပြောချင်တာကတော့ဘာမှစဉ်းစား မနေပါနဲ့၊ ကိုယ်တော်ရှင်ရဲ့ ကောင်းကင်နိုင်ငံတော်ဟာ လက်တစ်ကမ်းမှာရှိတယ် ဆိုတာပါပဲ။ နောက် ကိုယ်တော်ရှင် ကိုယ်တော်တိုင်ကလည်းပဲ သူ့ရဲ့နောက်ကို လိုက်ကြတဲ့နောက်လိုက်တွေကို ကတိတော်တွေထားရှိခဲ့ပါတယ်။ ကိုယ်တော်ရှင်ရဲ့ ကတိတော်တွေဟာလဲ တစ်နေ့ပြည့်စုံမှာပါမိတ်ဆွေ။ နောက်ဆုံးသော တစ်နေ့မှာကျွန်တော်တို့ရဲ့ခန္ဓာနဲ့ဝိညာဉ်ပေါင်းစပ်ပြီးတော့၊ ထာဝရ ချမ်းသာရရှိမယ်လို့ ယုံကြည်ကြပါတယ်။ ခုနက အာကာသယာဉ်ကြီးတက်သွားသလို ဒီနေ့ ကိုယ်တော်ရှင်ဟာလည်း ကျွန်တော်တို့ အလယ်မှာ ရှေ့နိုင်ငံတော်ကို တက်သွားပါပြီ။ ကိုယ်တော်ရှင်ဟာ ကောင်းကင်နိုင်ငံတော်မှာ ကျွန်တော်တို့တတွေ

"သိုးထိန်းအသံ" စာစောင်ကို၊ မန္တလေးကက်သစ်သာသနာလူထုဆက်သွယ်ရေးနှင့်ပြန်ကြားရေးရုံး (Signis)မှ(၂)လတစ်ကြိမ်ထုတ်ဝေသည်။

အတွက် ပြင်ဆင်ထားပါတယ်။ ကိုယ်တော်ရှင် ကောင်းကင်ဘုံကို တက်သွားသလို ကျွန်တော်တို့တတွေတစ်နေ့ တက်ကြရမှာဖြစ်ပါတယ်။ လူသားတွေဟာ ကမ္ဘာကြီး အစကတည်းက ကိုယ့်အပိုင်းနဲ့ ကိုယ်ဆိုင်ရာဆိုင်ရာကို လုပ်ဆောင်ကြပြီးဘုရားရှင်ကို ရှာဖွေခဲ့ကြပါတယ်။ မိမိတို့ ဝိညာဉ်ကယ်တင်ခြင်းအတွက်၊နောင်ဘဝရဲ့အာမခံချက်အတွက်ကျွန်တော်တို့ရဲ့ဘုရားရှာဖွေခြင်းဟာ စောစီးစွာတကည်းကပေါ်ပေါက်ခဲ့ပါတယ်။ လူတွေရဲ့စိတ်မှာဘုရားရှိကြောင်းဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် လည်းလူတွေဟာ ရှေးအခါကမိမိတို့ထင်ရာ၊ မြင်ရာနတ်ဘုရားတွေကိုပူဇော်ခဲ့ကြပါတယ်။ လူသားတွေဟာ မိမိထက်ကြီးမြင့်တဲ့ သူတစ်ယောက် ရှိတယ်ဆိုတာကို ယုံကြည်ကြပါတယ်။ ဒါကြောင့် ပထမ ကျားတွေ၊ နောက်မြွေတွေ၊ မြစ်တွေ ၊ တောင်ကြီးတွေ၊ ညောင်ပင်အိုကြီးတွေ စသဖြင့် အမျိုးမျိုး တွေးထင်ရာ ကိုးကွယ်အားထားခဲ့ကြပါတယ်။ အားလုံးရဲ့ အဆုံးမှာတော့ ခေတ်တိုးတက်လာတာနဲ့အမျှ လူဟာ အရာအားလုံးကိုနိုင်နိုင်တယ်ဆိုတာ သိလာပြီး မိမိတို့တွေးထင်ခဲ့တဲ့ ထင်ကြေးတွေကို စွန့်လွှတ်ကာဒါထက်ပိုမိုမြင့်မြတ်တဲ့ အရာကို ရှာခဲ့ကြပါတယ်။ အချို့ဆို အခုထက်ထိ တိုင် အမှန်ဘက်ကိုမလှည့်နိုင်ကြသေးပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် လောကကြီးက တော့ကောင်းမှုတွေ၊ မကောင်းမှုတွေနဲ့ ရောပြွမ်းနေအုံးမှာဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကတော့ဒါမျိုးမဟုတ်ပါဘူး။ ကျွန်တော်တို့ရှာနေတာကိုသူက (သူ့ကိုယ်သူ) ဖော်ပြပေးခဲ့ပါတယ်။ ရှာနေတဲ့ လူထုထဲကို ဝင်ပြီးတော့ငါဟာကယ်တင်ရှင်၊ လောကကို ဖန်ဆင်းတဲ့ အရှင်ဖြစ်တယ်ဆိုပြီးတော့ မိန့်ကြားခဲ့ပါတယ်။ ဒါပေမဲ့အချို့လူတွေက ကိုယ်တော်ရှင်ရဲ့မိန့်ကြားချက်ကို လက်မခံကြပဲဆက်လက်ရှာဖွေနေဆဲပဲဖြစ်ပါတယ်။ ပေးနေတဲ့သူကပေးနေတာကို ယူတဲ့သူက ရအောင်မယူနိုင်ပါဘူး။ မိမိတို့ရဲ့ထင်ကြေးတွေ၊ မိမိတို့ရဲ့ရိုးရာစွဲတွေနဲ့အတ္တကိုအဖော်လုပ်ပြီးတော့ဆက်လက် လျှောက်လှမ်းနေကြပါတယ်။ အဲဒီအတ္တဖုံးနေတဲ့ လောကသားတွေဟာ၊ ဘယ်လောက်အထိ ကိုယ်တော်ရှင်ကိုကိုယ့်သဘောနဲ့ကိုယ်ရှာနေကြအုံးမှာလည်းမသိနိုင်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ခရစ်ယာန်တွေရဲ့ ကိုယ်တော်ရှင်ယေဇူးဟာ လောကကနေ ကောင်းကင် ရွှေနိုင်ငံတော်ကိုတက်သွားခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တွေဝေမနေဘဲနဲ့ကိုယ်တော်ရှင်ရဲ့နောက်တော်ကို လိုက်သွားရမှာဖြစ်ပါတယ်။ သစ်

ပင် မတက်တတ်တဲ့သူဟာ သူတစ်ပါးကို သစ်ပင်တက် မသင်ပေးနိုင်သလို၊ မျက်ကန်းဟာလည်း မျက်ကန်းတစ်ယောက်ကိုလမ်းပြလို့ မရနိုင်ပါဘူး။ သခင်ဘုရားရှင်ပြန်ထမြောက်ခြင်းမရှိခဲ့ရင် လူသားတွေကိုကယ်တင်နိုင်တယ်ဆိုတာလည်း ယုတ္တိမရှိပါဘူး။ ယုံလဲမယုံကြည်သင့်ပါဘူး မိတ်ဆွေ။ မိမိကို အာမခံချက်ပေးနိုင်ဖို့ရန် အာမခံချက်ရှိတဲ့နေရာကို သွားရမှာဖြစ်ပါတယ်။ ကယ်တင်ခြင်းရဖို့ရန် ကယ်တင်ခြင်းရှိတဲ့နေရာကိုသွားရမှာဖြစ်ပါတယ်။

မိတ်ဆွေတစ်ယောက်ဘယ်လမ်းကိုလိုက်နေပြီလဲ စဉ်းစားသင့်ပါတယ်။ကယ်တင်ခြင်းရဖို့ ကယ်တင်ခြင်းရှိတဲ့ နေရာကိုလာရတယ်ဆိုတာကို ဘယ်တော့ မှမမေ့ပါနဲ့။ လောကရဲ့မြင့်မြတ်တဲ့ ဘုရားရှင်ကို ရှာဖွေပါမိတ်ဆွေ။ ခရစ်ယာန်တွေကတော့ နောက်ဆုံးသောနေ့၌ ကယ်တင်ရှင်ရဲ့ ရင်ခွင်တော်မှာ နားခိုခွင့်ရမယ်ဆိုတာသေချာပါတယ်။ ထားတော်မူသော ကတိတော်တွေနဲ့ ပြည့်စုံသော၊ ကယ်တင်ခြင်းရဲ့ သမိုင်းကြောင်းမှာ ယုတ္တိရှိလှသော၊ ရှေးပရောဖက်တို့ရဲ့ဟောပြောချက်တွေနဲ့လည်း ကိုက်ညီမှုရှိသော ထာဝရဘုရားရှင်ကို သစ္စာရှိစွာ ကိုးကွယ် ဆည်းကပ်ကြဖို့လိုပါတယ်။ ဒီတော့ ကိုယ်တော်ရှင် ရှင်ပြန်သောကာလမှာကျွန်တော်တို့အားလုံး သေခြင်းမှထမြောက်သောဘုရားရှင်ရဲ့ ခရစ္စယာန်အသက်တာကို လျှောက်လှမ်းနိုင်ဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။ ကယ်တင်ခြင်းရဲ့ အသီးအပွင့်များကို မိတ်ဆွေအပေါင်း စားသုံးနိုင်ကြပါစေ။

''သိုးထိန်းအသံ''စာစောင်ကို၊ မန္တလေးကက်သစ်သာသနာလူထုဆက်သွယ်ရေးနှင့်ပြန်ကြားရေးရုံး (Signis)မှ(၂)လတစ်ကြိမ်ထုတ်ဝေသည်။

သိစေချင်ပါတယ် ...။

" ငါတို့ကက်သလစ် ဘုန်းတော်ကြီးတွေက ငယ်ဖြူတွေကွ" ဆိုတဲ့စကားကို ကျွန်မ အလွန်အားရစွာပြောလေ့ရှိပါတယ်။ မသိလို့ ဒါမှမဟုတ် ဗဟုတုသအနေနဲ့ မေးလာသူ ရှိရင်ရော၊ နည်းနည်းပါးပါး အကြောင်း တိုက်ဆိုင်ရင်ပါ ကျွန်မတော့ အတင်းဆွဲယူပြီး ဒီအဖြေကိုရအောင်ထည့်ဖြေတတ်ပါတယ်။

ကျွန်မရဲ့ ကြည်ညိုအားရစိတ်ကို တစ်ဖန်ထပ်ကာပွားစေတဲ့ မြင်ကွင်းက မန္တလေးသာသနာမှ ရဟန်းတော်များရဲ့ ၂၀၀၆-ခု တစ်နှစ်တာ ဥပုသ်ရက်ရှည်စောင့်ကြရင်း၊ ဝိညာဉ်ရေး အမြင်သစ်တွေ တိုးပွားအောင် သင်တန်းများပါတက်ကြတာကိုတွေ့မြင်ရချိန်ပါပဲ။ အဖက်ဖက်ပြည့်ဝအောင် ကြိုးစားနေကြပါလားလို့ ချီးကျူးအားရလိုက်မိတယ်။

၁၅-၁-၂၀၀၆ တနင်္ဂနွေနေ့မှာတော့ မန္တလေးမြို့လယ်က ရွှေနှလုံးတော်ဘုရားကျောင်းမှာ ဂိုဏ်းချုပ်ဆရာတော် ပေါလ်ဂရောင် ဦးဆောင်ပြီး ဥပုသ်စောင့် ရဟန်းတော်များအားလုံး အတူတကွ သဒ္ဓါကြည်ညိုစွာမစ္ဆားတရားပူဇော်ကြတော့ ဘာသာတူတွေနဲ့တစ်လုံးတစ်ဝထဲရှိပါတယ်ဆိုတာ ပြနေကြတာပဲလို့ခံစားမိတယ်။ ဘယ်နေရာမှာဖြစ်ဖြစ် ဒီလိုရဟန်းတော်တွေကို တစ်နေရာထဲမှာ ဖွေးဖွေးလှုပ်အောင် တစုတစည်းမြင်ရတိုင်း ကျမအလိုလိုပီတိဖြစ်ရ၊ ကြည်ညိုရစမြဲပါ။

အဲဒီနေ့က ဂိုဏ်းချုပ်ဆရာတော်ကြီး ပေါလ်ဂရောင်ရဲ့ ဩဝါဒ စကားထဲမှာ "ရဟန်းဘုန်းတော်ကြီးတစ်ပါး ရဖို့ဆိုတာ မလွယ်ကူပါဘူး၊ သာသနာက နှစ်ပေါင်းများစွာအကုန်အကျခံ ရင်းနှီးရသလို၊ ရဟန်းကိုယ်တိုင်ကလည်း စွန့်လွှတ်မှုပေါင်းများစွာနဲ့ကြိုးစားရတယ်။ ဘုရားသခင်ဖက်ကလည်း တထူးတခြား ကျေးဇူးတော်မြောက်များစွာနဲ့ ပြုစုပျိုးထောင်စောင့်ရှောက်ခဲ့ရတယ်" လို့ဆိုသလို ကက်သလစ် ရဟန်းတစ်ပါးဖြစ်ဖို့ မလွယ်တာကို ကျွန်မလည်း ထောက်ခံမိတယ်။ တန်ဖိုးရှိတာကိုလည်း ဝန်ခံမိပါတယ်။ အသင်းတော်ကြီးရဲ့ ကျက်သရေဆောင်တွေ အဖြစ်လည်း မြင်မိပါတယ်။ ခရစ်တော် တည်ထောင်တဲ့ တစ်ခုတည်းသော ကက်သလစ်အသင်းတော်ကို အသက်ဆက်စေသူ၊ ရှင်သန်စေသူတွေလို့လည်း လက်ခံသလို၊ ခရစ်တော် အသွေးနဲ့လဲလှယ်ဝယ်ယူထားတဲ့လူသားများ အသက်ဝိညာဉ်ကောင်းကင်

ချမ်းသာဆီသို့ရောက်ရန် လမ်းပြပို့ဆောင်ပေးမဲ့သူတွေအဖြစ်လည်း ယုံကြည်နေပါတယ်။

ရဟန်းတစ်ပါးကို ကျွန်မ ထင်မြင်လက်ခံယုံကြည်သကဲ့သို့ ကက်သလစ်ဘာသာဝင်တိုင်းလည်း ထို့အတူ ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။

သမ္မာကျမ်းစာထဲကရှင်ယောဟန်နဲ့ ရှင်ပေါလူးကလွဲရင် အိမ်ထောင်မပြုတဲ့ (ငယ်ဖြူ) ဘဝနဲ့ ဘုရား အမှုတော်အတွက် တစ်သက်စာ ဆပ်ကပ်ပေးလျှုတဲ့ ဘဝရှင်သာသနာပြု၊ ဘာသာရေး ခေါင်းဆောင်ဆိုတာ ကက်သလစ်အသင်းတော်ကရဟန်းဘုန်းတော်ကြီးတွေကလွဲရင် သိပ်မကြားမိ၊ မမြင်မိဘူး။ ဒီလိုဆိုတော့ သူမျှားကို ဝေဖန်ချင်တာ မဟုတ်ဘဲ၊ ကိုယ့်ရဲ့ ဘာသာ ရေးခေါင်းဆောင်ဖြစ်တဲ့ ခရစ်တော်ရဲ့ကိုယ်ပွား၊ ကက်သလစ်ရဟန်းတော်တွေအတွက်ဂုဏ်ယူလိုခြင်း သက်သက်ပါ။

. . . သိပ်မည္ဆန်းပါနဲ့၊ ကက်သလစ်ဘုန်းတော်ကြီးတွေ ဘယ်လောက် မွန်မြတ်သန့်ရှင်းလို့လဲ။

. . . ဘယ်လောက်ဘုရားစွဲပြီး တရားမြဲလို့လဲ။

. . . လောကဆန်ဆန် ပြောဆိုဝတ်စားနေထိုင်တာတွေကကော။

. . . လောကသားတွေနဲ့မထူးမခြားစိတ်ထားတွေ မြင်နေရပါလား။

ဆိုပြီး အားမလိုအားမရ ဝေဖန်နေကြပါသလား။ မလေးစားနိုင်၊မကြည်ညိုနိုင်ဖြစ်နေကြပါသလား။ ဂရုမစိုက် အလေးမထား၊ နားမထောင် ဥပက္ခာပြုလို့များ နေသွားကြမလား။

ဒီလိုဆိုရင်တော့ ဘုရားသခင်ဆီလူး ဘိသိတ်ပေးထားသူကို လေးစားလက်ခံတတ်ဖို့၊ ဓမ္မဟောင်းကျမ်းက (ဓမ္မရာဇဝင် ပ-စောင် ၂၆း ၈-၉) ဖတ်ပြီး လူ့ကယ်တင်ခြင်းသမိုင်း ထဲက အထင်ကရ ပုဂ္ဂိုလ် ဒါဝိတ်မင်းကြီးကို အတုယူဖို့လိုပါလိမ့်မယ်။ ကျမ်းချက်ထဲမှာ "အဘိရှဲ့ကလည်း ဘုရားသခင်သည် ကိုယ်တော်၏ရန်သူကို ကိုယ်တော်လက်၌ ယနေ့ အပ်တော်မူပြီ။ ထို့ကြောင့် ကျွန်တော်သည် မြေတိုင်အောင် လုံ့နှင့်တစ်ချက်တည်း ထိုးပါရစေဟု တောင်းပန်ပါ၏၊ ဟု ဒါဝိတ်ကို လျှောက်သော်လည်း ဒါဝိတ်က သူ့ကို မပြုနှင့်၊ ထာဝရ ဘုရားအခွင့်နှင့် ဘိသိတ်ခံသောသူကို အဘယ်သူသည်အပြစ်လွတ်လျှက် ထိခိုက်မှုပြုနိုင်မည်နည်းဟု အဘိရှဲ့အား ပြန်ဆို၏။ ထာဝရဘုရား ပေးတော်မူသော သူ၊ ဆီလူး၍ ဘိသိတ်ခံ သူကို ငါမထိခိုက်မည့်အကြောင်း ထာဝရဘုရား

"သိုးထိန်းအသံ" စာစောင်ကို၊ မန္တလေးကက်သစ်သာသနာလူထုဆက်သွယ်ရေးနှင့်ပြန်ကြားရေးရုံး (Signis)မှ(၂)လတစ်ကြိမ်ထုတ်ဝေသည်။

ဆီးတား တော်မူပါစေသော်။" လို့ တွေ့နိုင်ပါတယ်။

နောက်ပြီးခမ္မသဗ္ဗိုလ်ပညာရှင်ကြီး Karl Rahner က နေရဟန်းတော်တွေနဲ့ ပတ်သက်ပြီး တွေးခေါ်ထောက်ပြထားတာက -

. . . ရဟန်းဆိုတာ ကောင်းကင်က လွှတ်လိုက်တဲ့ သိကြားမဟုတ်၊ လူထဲက ရွေးကောက်ထားတဲ့ လူတစ်ယောက်၊ အသင်းတော်ထဲက ခရစ်ယာန်တစ်ယောက်သာ ဖြစ်တယ်။

. . . လူသားတစ်ယောက်၊ ခရစ်ယာန်တစ်ယောက် ဖြစ်နေရင်းနဲ့ပဲ ဘုရားရဲ့ နှုတ်ကပါတ်တော်ကို သင့်အား ဟောပြောဖို့ လုပ်နေတယ်။

. . . ဒီဟောပြောချက်တွေဟာ သူ့ကိုယ်ပိုင်၊ သူ့သဘောနဲ့ မဟုတ်ဘူး။ ဘုရားရှင်ကသူ့ကိုစေလွှတ်လို့သင့်ထံနှုတ်ကပါတ်တော်ကြေညာရန် ရောက်လာခြင်းသာဖြစ်တယ်။

. . . ဒီနှုတ်ကပါတ်တော်ကို သူကိုယ်တိုင် စေ့စေ့မြေ့မြေ့ နားလည်ချင် မှ နားလည်မယ်။ ပေါ့ပျက်ပျက်ဖြစ်အောင်လုပ်ချင်လည်း လုပ်မိမယ်။ ဒါပေမဲ့ ဘုရားက သူ့ကို အသုံးပြုနေတယ်ဆိုတဲ့ယုံကြည်ချက်သူ့မှာ ရှိနေတယ်၊ သူသိနေတယ်။ ဒါကြောင့် စိုးရွံ့မှုတွေကြားထဲကနေပဲ နှုတ်ကပါတ်တရားတော်ကို သင့်ဆီသို့ ဟောကိုဟောရ မယ်ဆိုတာ သူနားလည် ထားပါတယ်။

. . . ဘုရားအကြောင်း ဟောဖို့၊ ထာဝရအသက်အကြောင်း သွန်သင်ဖို့၊ အမြင့်မြတ်ဆုံးသတ္တဝါလူသားတွေအတွက်ကျေးဇူးတော် ရဲ့ ကြီးကျယ်မွန်မြတ်တဲ့ အကြောင်းပြောဖို့ကျွန်ုပ်တို့အထဲက တစ်ယောက်ယောက်တော့ ရှိရမယ်မဟုတ်လား။ အပြစ်အကြောင်း သတိပေးဖို့၊ ဘုရားသခင်ရဲ့ တရားစီရင်ခြင်းအကြောင်း၊ ကရုဏာတော်အကြောင်းကိုဖော်ထုတ်ဖို့ တစ်ယောက်ယောက်တော့ အမှန်ရှိရမယ် မဟုတ်လား။

. . . ဒီတော့ ချစ်တဲ့မိတ်ဆွေ၊ ရဟန်းအတွက်ဆုတောင်းပေးပါ။ သူ့ကိုအကူအညီပေးစောင့်ရှောက်ပါ။ အဲဒီအခါ သူဟာ ခရစ်တော်၌ ထင်ရှားဖော်ပြသော အဖခမည်းတော်ဘုရားရဲ့ ချစ်ခြင်းမေတ္တာတော်ကို သယ်ဆောင်ဖြန့်ဝေခြင်းအားဖြင့် သင်တို့ကို ထိန်းသိမ်းမြှင့်တင်၊ ကူညီနိုင်ပါလိမ့်မယ် . . . တဲ့။

ကျွန်မ ဖတ်မိတဲ့ နောက်တစ်ခုက Mutter Vogel ရဲ့ရေးသားချက်တွေပါ။ ဒါတွေကို စာရေးသူဟာ ဘုရားသခင်ရဲ့ ဖော်ပြ အလင်းပေးမှုအားဖြင့် ရေးခဲ့တယ်လို့ ဆိုပါတယ်။ ကောက်နှုတ်တင်ပြရမယ်

ဆိုရင် - " ရဟန်းတစ်ပါးကို ဘယ်တော့မှ မတိုက်ခိုက်ပါနဲ့၊ အကယ်၍သူဟာမှားနေတယ် ဆိုရင်တောင်မှ သူ့အတွက် ဆုတောင်းပါ။ အပြစ်ဒဏ် ဆပ်ဖြေပေးပါ။ ဒါဆိုရင် ငါ့ရဲ့ ကျေးဇူးတော်တွေ သူ့အပေါ် တစ်ဖန်ပြန်၍ သက်ရောက်လာပါလိမ့်မယ်။

အကယ်၍ ရဟန်းဟာ ငါ ကိုယ်တော်ရဲ့ အကျင့်ပုံစံအတိုင်း မနေထိုင်မကျင့်ကြံဘူးဆိုရင်တောင်မှ ငါ့ကို အပြည့်အဝ ကိုယ်စားပြုနိုင်တာ သူသာဖြစ်တယ်။

ရဟန်းတစ်ပါး လဲကျသွားခဲ့ရင် ဝေဖန်တိုက်ခိုက်ခြင်းနဲ့မဟုတ်ဘဲ ဆုတောင်း မေတ္တာလက်နဲ့ ထူမပေးပါ။ သူ့ကို စီရင်ဆုံးဖြတ်တဲ့ အလုပ်ကို ငါကိုယ်တော်တိုင် လုပ်မယ်။ ဒါက သင့်အလုပ် မဟုတ်ပါဘူး။ ရဟန်းကို ပြောဆိုသမျှဟာ ငါ့ကို ပြောဆိုနေတာဖြစ်တယ်။

ဘာသာတူ သားသမီးများတို့ ရဟန်းတစ်ပါးဟာဘယ်တော့မှ အတိုက်ခိုက် မခံရပါစေနဲ့၊ သူ့ကို ကာကွယ်ကြပါ။ ရဟန်းကို အသားလွတ်အပြစ်ဖို့တဲ့ စကားသံတွေကို နားမထောင်ပါနဲ့၊ ရဟန်းကို ရက်စက်တဲ့ စကားလုံးတွေနဲ့ အမှန်မဟုတ်ဘဲ လုပ်ကြံပြီး မပြောဆို၊ မတိုက်ခိုက်ပါနဲ့။

သူဟာ ငါ့ရဲ့ ကိုယ်စားဖြစ်တာကြောင့် သူ့ကို ထိခိုက်တိုင်း ငါ့နှလုံးတော်ဟာနာကျင်တယ်၊ စော်ကားခြင်းခံရပါတယ်။

အကယ်၍ ရဟန်းတစ်ပါးဟာ မစ္ဆာတရားတော်ကို မထိုက်တန်ဘဲ ပူဇော်နေတာတွေ့ရင် မဝေဖန်နဲ့၊ ဘာမှ မပြောနဲ့၊ ငါ့ဆီကိုလာပါ၊ ငါ့ကိုလာပြောပါ။။ ငါကိုယ်တိုင် ဘုရားစင်မှာ သူ့ဘေးကနေ ရပ်နေမယ်။

အို . . . ဘာသာသူ သားသမီးအပေါင်းတို့ ဆုတောင်းကြပါ၊ အထူးဆုတောင်းကြပါ။ သူတို့ဟာ သန့်ရှင်းဖြူစင်ခြင်းကို စုံမက်လာကြပါလိမ့်မယ်။ သန့်ရှင်းသောလက်၊ စင်ကြယ်သော နှလုံးသားနဲ့ မစ္ဆာတရားတော်ကို ပူဇော်နိုင်ကြပါလိမ့်မယ်။

အကယ်စင်စစ် မစ္ဆာတရားတော်က တော့ ဘယ်လောက် မထိုက်တန်တဲ့ ရဟန်းကပင် ပူဇော်နေပါ စေ အကျိုးကုသိုလ် အာနိသင် မယုတ်မလျော့ ရှိနေကြောင်းကိုလည်း နားလည်ထားစေလိုပါတယ်" . . . လို့ ရေးသားထားတာတွေ့ရပါတယ်။

ဘာသာသူ အားလုံးလိုလိုကတော့ မိမိတို့ ရဟန်းဘုန်းကြီးကို ချစ်ခင်လေးစားကြတာပဲဖြစ်ပါတယ်။ ဒါပေမဲ့အကယ်၍ များ ကျွန်မတို့ဟာ ကိုယ်မလုပ်နိုင်တာကို ရဟန်းတွေလုပ်ဖို့ လိုလားတတ်ပြီး ကိုယ်

မကျင့်နိုင်တာတွေ ကို ရဟန်းများ ကျင့်ဖို့ မျှော်လင့်မိမယ်ဆိုရင်။

. . . ကျွန်မတို့ လွတ်လွတ်လပ်လပ် လုပ်ခွင့်ရတာတွေ သူတို့မလုပ်ရ၊ ကျွန်မတို့ မလုပ်ချင်တာတွေသူတို့လုပ်နေကြတာတွေ ကိုကျပြန်တော့ လျစ်လျူရှုထားမိမယ် ဆိုရင်။

. . . လူသားချင်းတူပါလျက် သူတို့ စွန့်လွှတ်တာ၊ ပေးဆပ်တာ၊ အနစ်နာခံတာတွေကို မမြင်မိတဲ့ အချိန်များရှိရင်။

ဘုရားသခင်ရဲ့ အလင်းတော်နဲ့ ရေးဖွဲ့ခဲ့တဲ့ Mutter Vogel ရဲ့အောက်ပါ ဆုတောင်းမေတ္တာကို ရွက်ဆိုပြီး ရဟန်းတွေကို ဆုတောင်းခြင်း လက်နဲ့ ထောက်မ ကူညီသွားကြပါစို့လား။

" အို သခင်ဘုရား . . . ကျွန်ုပ် ဆုတောင်းပါ၏။ ရဟန်းတော်များကို စောင့်ရှောက်တော်မူပါ။ သူတို့သည် ကိုယ်တော့်အပိုင်ဖြစ်ကြပါ၏။ ကိုယ်တော်မြတ် ဗိမာန်တော် မျက်မှောက်တွင် ဘဝကို ပူဇော်ကျွမ်းလောင်စေသူများ ဖြစ်ကြပါ၏။ လောကတွင် နေထိုင်သော်လည်း လောကီ ရေးရာနှင့် မဆိုင်ရသော သူတို့ကို သခင်ဘုရားစောင်မတော်မူပါ။ လောကီ၏ နှောင့်ယှက်၊ ဖြားယောင်းခြင်း ခံရသော် ကိုယ်တော်၏ နှလုံးတော်ထဲတွင် သူတို့ကို လုံခြုံစွာ သိမ်းဆည်းတော်မူပါ။ သူတို့၏ အထီးကျန်ခြင်း၊ အားငယ်ခြင်းနှင့် နာကျင်သောအချိန်နာရီများ၌ ကိုယ်တော်နှစ်သိမ့် အားပေး ဖေးမတော်မူပါ။

ဝိညာဉ်များအတွက် သူတို့ အားထုတ်လုပ်ဆောင်သမျှ အရာမထင်၊အချည်းနှီးဖြစ်သည်ကို မြင်ရလျှက် စိတ်အားလျော့စဉ် ကိုယ်တော်ရှင်ကို သူတို့ ပိုင်ဆိုင်လျှက် ရှိနေကြောင်း သိမြင်စေပါ။

သူတို့သည် လူသားစိတ်ရှိ၍ လူ့အားနည်းယိမ်းယိုင်မှုများ ရှိသော်လည်း သူတို့ နေ့စဉ် ပူဇော်သော ကိုယ်တော်မြတ်မုန့်တော်ကဲ့သို့ ဖြူစင်စေပါ။ သူတို့၏ စိတ်ကူး၊ အကြံအစည်များ၊ စကားများ၊ လုပ်ဆောင်မှုများမှာ ကိုယ်တော် အုပ်စိုးလမ်းညွှန်တော်မူပါ။ သူတို့ကို ကောင်းချီးပေးတော်မူပါရန် ဆုတောင်းပါ၏ အရှင်ဘုရား။" အာမင်။

Ref:
- Criticism of Priests
  (Our Lord's revelations to Mutter Vogel)
- "The Priest is not an angel"
  by Karl Rahnner

- ဘင်ဝိုင်းပန်- (SJA)

ကောင်းကင်အတွက် လျှခါးထစ်လေး

ချစ်ခြင်းမေတ္တာဟာ သက်ရှိသတ္တဝါတိုင်း လိုလားတောင့်တကြတဲ့အရာလေးပါ။ ဘုရားသခင်မရှိဘဲ ကမ္ဘာလောကကြီးတည်ရှိဖို့ရာမဖြစ်နိုင်သလို ချစ်ခြင်းမေတ္တာ မရှိဘဲပြည့်စုံပျော်ရွှင်နိုင်မှာမဟုတ်ပါဘူး။ လူသားတွေသာမကသေးငယ်လှတဲ့ပန်းလေးတစ်ပင်တောင် သူတို့ ဂရုတစိုက်ပေါင်းသင် ရေလောင်းပေးမှုကိုရပါမှအနာအဆာကင်းပြီးလှပတဲ့ပန်းလေးတွေကိုပွင့်လန်းပေးနိုင်မှာပါ။လူဟာအမိဝမ်းထဲမှာကတည်းက ချစ်ခြင်းမေတ္တာရဲ့နွေးထွေးလုံခြုံမှုကို စတင်ခံစားတတ်ခဲ့ရတယ်။ ကလေးဘဝကစပြီး လိုအပ်ခဲ့တဲ့ချစ်ခြင်းမေတ္တာဟာ လူ့ဘဝရဲ့ နောက်ဆုံးနေဝင်ချိန်တိုင်မရှိမဖြစ်လိုအပ်တဲ့ အရာလေးဖြစ်နေပါတယ်။ လူငယ်လူရွယ်၊ လူကြီးပါမကျန် ချစ်ခြင်းမေတ္တာရဲ့နှောင်ဖွဲ့မှုကို ခုံမင်စွာနဲ့လက်ခံနေကြပါတယ်။

ဘုရားသခင်ရဲ့ဖန်ဆင်းခြင်းလုပ်ငန်းဟာလည်း ချစ်ခြင်းမေတ္တာနဲ့အစပြုခဲ့သလို ခရစ်တော်ရဲ့ကားတိုင်ပေါ်မှာသွေးတစ်စက်မကျန်သွန်းလောင်းပြီးအသက်တော်စွန့်ခဲ့ခြင်းဟာလည်းချစ်ခြင်း မေတ္တာကြောင့်ပဲ မဟုတ်ပါလား။ ခရစ်တော်ဟာကဲ့ရဲ့ ပြစ်တင်ဝေဖန်မှုနဲ့ အတူဒုက္ခစရိယာလမ်းကို ချစ်ခြင်းမေတ္တာရဲ့ စွမ်းအားကြောင့်သာ လျှင်ခံထမ်းသွားခဲ့တာပါ။ ခရစ်တော်ဟာ သူ့ကို ချစ်တဲ့သူကိုသာသူ့ရဲ့အချစ်ကို ပေးခဲ့တာ မဟုတ်ပါဘူး။ သူ့ကိုဆန့်ကျင်ပြီးမလိုမုန်းထားတဲ့သူတွေအပေါ်မှာပါ သူ့အချစ်တွေပေးခဲ့ကာ နမူနာချန်ထားခဲ့ပါပြီ။ ဆားမပါတဲ့ဟင်းဟာအရသာ ပြည့်စုံမှုမရှိသလို ချစ်ခြင်းမေတ္တာမရှိတဲ့ ဘဝ(သို့)တစ်ပါးသူအပေါ်ချစ်ခြင်းမေတ္တာ မပြနိုင်တဲ့ဘဝဟာ လည်းပျော်ရွှင်မှုအစစ်အမှန်ကို ရရှိမှာ မဟုတ်ပါဘူး။ ဒီကမ္ဘာကြီး၊ တိုင်းပြည်၊ မြို့နယ်၊ ရပ်ကွက်၊ မိသားစုအစရှိတဲ့ အသင်းအဖွဲ့တွေ ငြိမ်းချမ်းခြင်းနဲ့အဓွန့်ရှည်စွာ တည်နေနိုင်ဖို့ရာ ချစ်ခြင်းမေတ္တာဟာ အရေးကြီးဆုံးဖြစ်နေပါတယ်။



''သိုးထိန်းအသံ''စာစောင်ကို၊ မန္တလေးကက်သစ်သာသနာလူထုဆက်သွယ်ရေးနှင့်ပြန်ကြားရေးရုံး (Signis)မှ(၂)လတစ်ကြိမ်ထုတ်ဝေသည်။

ချစ်ခြင်းမေတ္တာကို လူတိုင်းခံစားဖူးသလို တစ်ပါးသူကိုလည်း ပေးခဲ့ကြဖူးမှာပါ။ လူတွေဟာ ဘယ်အရာကိုပဲလုပ်လုပ် ချစ်ခြင်းမေတ္တာကိုပဲ ဦးတည်ပုံဖော်နေကြပါတယ်။ ဘုရားကျောင်းတက်တာလဲ ဘုရားကိုချစ်လို့ သက်သေပြခြင်းဖြစ်သလို ဆင်းရဲသားအတွက် ပေးကမ်းစွန့်ကြဲလိုက်တာလဲ ဘုရားသခင်ကို သိအောင်မိမိရဲ့ အချစ်ကို ပေးကမ်းစွန့်ကြဲခြင်းအနေနဲ့ သက်သေပြလိုက်တာပါပဲ။ အချစ်ဟာ ခါးတောင်ကိုကျော်ပြီး မီးပင်လယ်ကို ဖြတ်ပြန်ခိုင်မှုအချစ်မဟုတ်ပါဘူး။ သူလိုအပ်နေတဲ့ အချိန်မှာကိုယ်ကသူ့အတွက် ဖြစ်နေခြင်းဟာလဲ ချစ်ခြင်းမေတ္တာပါပဲ။ ကြီးမားတဲ့ ပေးအပ်မှုတွေမှမဟုတ်ပါဘူး၊ လိုအပ်တဲ့ နေရာမှာ လိုအပ်သလိုဖြည့်စွမ်းပေးခြင်းဟာလည်း မှန်ကန်တဲ့ချစ်ခြင်းပါပဲ။ သူတော်စင်ဘဝမှာအမှုထမ်းပြီး တစ်ဦးနဲ့ တစ်ဦး နားလည်မှုတွေနဲ့ဖေးမကူညီရင်း ခရစ်တော်ရဲ့သတင်းကောင်းကို ဖြန့်ဝေနေခြင်းဟာလည်း ခရစ်တော်နဲ့လူသား အားလုံးကိုချစ်တဲ့ သက်သေတွေပါပဲ။ ကျောင်းဆရာတွေကလည်း စာသင်ရတာကိုမြတ်နိုးပြီး ကလေးတွေကိုချစ်လို့၊ အင်ဂျင်နီယာတွေကလည်း လူသားတွေအဆင့်မြင့်မြင့်နဲ့ လုံခြုံစွာ နေထိုင်နိုင်ဖို့ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ကြိုးစားနေကြသလို စာရေးဆရာတွေ၊ အဆိုတော်တွေကလည်း လူသားတွေရဲ့စိတ်ကို အပန်းဖြေမှုတစ်မျိုးသာယာကြည်နူးမှုတဖုံ၊ အသိပညာဉာဏ် အမြင်သစ်တွေ ရရှိဖို့ကြိုးစားနေကြတာပါ။

ယခုကမ္ဘာမှာဖြစ်ပျက်နေတဲ့ပြဿနာရှုပ်ထွေးမှုတွေဟာလဲ ဆန်းစစ်ကြည့်ရင် ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုး၊ ဘာသာ သာသနာကို ချစ်တဲ့စိတ်တွေကြောင့်ပဲ။ ချစ်ခြင်းမေတ္တာကြောင့်သာယာလှတဲ့ ဘဝလေးကို ပိုင်ဆိုင်နိုင်သလို ချစ်ခြင်းမေတ္တာကိုကောင်းမွန်စွာ အသုံးမပြုရင်လည်း ပူလောင်မှုတွေ ပြည့်နေတဲ့ဘဝကိုရရှိတတ်ပါတယ်။ "ခေါင်းလောင်းဟာ သင်မထိုးမချင်းခေါင်းလောင်းမဟုတ်သလို သီချင်းဟာလဲသင်မဆိုမချင်း သီချင်းလို့ မခေါ်ဆိုနိုင်ဘူး" လို့အဆိုရှိသလိုပဲ သင့်နှလုံးသားထဲမှာရှိနေတဲ့ ဘုရားသခင်ပေးထားတဲ့ ချစ်ခြင်းမေတ္တာဟာလည်း တစ်ပါးသူအပေါ် သင်မဝေဒမခြင်ငါ့မှာ ချစ်ခြင်းမေတ္တာတွေအများကြီးရှိပါတယ်လို့ ဘယ်လိုပြောမလဲ။ သင့်မှာထက်မြတ်တဲ့ ဉာဏ်ကို ဘုရားပေးထားပေမဲ့ သင်ကိုယ် တိုင်အသုံးမချရင်မကြိုးစားရင် သင့်ကို ပညာရှင်ဖြစ်တယ်လို့ ဘယ်သူမြင်မလဲ။လူ့စိတ်မှာမျက်လုံးတစ်ထောင်ရှိပေမဲ့ နှလုံးသားမှာ မျက်လုံးတစ်လုံးပဲရှိပါတယ်။

''သိုးထိန်းအသံ''စာစောင်ကို၊ မန္တလေးကက်သစ်သာသနာလူထုဆက်သွယ်ရေးနှင့်ပြန်ကြားရေးရုံး (Signis)မှ(၂)လတစ်ကြိမ်ထုတ်ဝေသည်။

အဲဒီ နှလုံးသားမျက်လုံးကို ချစ်ခြင်းမေတ္တာ ထည့်သွင်းပြီးကြည့်မှ သာလှပတဲ့ အရာလေးတွေမှန်ကန်တဲ့သဘာဝတွေကို မြင်ရမှာပါ။ မေတ္တာခမ်းခြောက်ရင်အသက်ရဲ့ အလင်းလဲဆုံးရှုံးတယ်။ နှလုံးသားမှာ ချစ်ခြင်းမေတ္တာပြည့်ဝနေပါက ကမ္ဘာကြီးဟာ အလှတရားတွေနဲ့ဖုံးလွှမ်းပြီး ဘုရားသခင်ဖန်ဆင်းထားတဲ့နဂိုအတိုင်း ဆက်လက်တည်ရှိနေမှာဖြစ်ပါတယ်။



ကိုယ်နဲ့နီးစပ်တဲ့သူအပေါ်မှာ ချစ်ခြင်းမေတ္တာပြခြင်းဟာလဲ ဖန်ဆင်းရှင်ကို ကျေးဇူးတင်ဆပ်ခြင်းပါပဲ။ ကိုယ့်အပေါ်မှာ မေတ္တာပေးတဲ့သူကိုသာ ပြန်လည်ပေးတတ်ကြပြီး ကိုယ့်ကိုမလိုမုန်းထားသူတွေ အပေါ်မှာ မေတ္တာပေးဖို့ဝန်လေးတတ်ကြပါတယ်၊ ကိုယ်ကစပြီးမေတ္တာပေးဖို့ရာ အလွန်ခက်ခဲပါတယ်။ ကျမ်းစာကဆိုသလိုကိုယ်ကိုချစ်တဲ့သူကိုသာပြန်ချစ်နိုင်ရင် ဘာအကျိုးကျေးဇူးရှိမှာလဲ။ ချစ်ခြင်းမေတ္တာဟာ အရာရာကို နုပျိုလှပလာနိုင်စေသလို အရာရာအပေါ်မှာ ချစ်ခြင်းမေတ္တာစိတ်ထည့်သွင်းထားတဲ့ မျက်လုံးတစ်စုံနဲ့လှပတဲ့ အရာလေးတွေ အဖြစ် ပုံဖော်ကြည့်ကြပါစို့။

ကျွန်ုပ်တို့ကိုနောက်ဆုံးသောနေ့၌ တရားစီရင်တဲ့အခါမှာ ချစ်ခြင်းမေတ္တာကို စံထားပြီး စီရင်ဆုံးဖြတ်သွားမှာဖြစ်လို့ "ချစ်ခြင်းမေတ္တာ"ဟာကျွန်ုပ်တို့ကိုဘုရားသခင်ဆီပို့ဆောင်ပေးမဲ့လှေခါးထစ်လေးပါပဲ။ ဤလောကမှာရှိစဉ် တစ်ဦးအပေါ် တစ်ဦးချစ်ခြင်းမေတ္တာထားကြရင်း ပျော်ရွှင်စရာ ကမ္ဘာလေးဆီကိုရောက်အောင်ပို့ပေးမဲ့ လှေခါးထစ်လေးကိုတည်ဆောက်ကြပါစို့။ ကက်သလစ်အသင်းတော်ကြီးထဲမှာရှိတဲ့ ညီအစ်ကိုမောင်နှမများကိုသာမကဘဲကမ္ဘာပေါ်မှာရှိတဲ့ ဖန်ဆင်းခံသတ္တဝါတိုင်းပေါ်မှာ ချစ်ခြင်းမေတ္တာပြကြရင်း စစ်မှန်တဲ့ခရစ်တော် နောက်လိုက်ကောင်း တစ်ယောက်အဖြစ် ချစ်ခြင်းမေတ္တာအားဖြင့် ကောင်းကင်နိုင်ငံတော်ကို အရောက်လှမ်းနိုင်မဲ့ ဆက်သွယ်ရေးလှေခါးထစ်လေးများ တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်ကြပါစို့။ တက်လှမ်းကြပါစို့။

နှင်း (နဘက်)

"သိုးထိန်းအသံ" စာစောင်ကို၊ မန္တလေးကက်သစ်သာသနာလူထုဆက်သွယ်ရေးနှင့်ပြန်ကြားရေးရုံး (Signis)မှ (၂)လတစ်ကြိမ်ထုတ်ဝေသည်။

အခွဆို့သော ပစ္စုပ္ပန်အချိန်၌ အသက်ရှင်ပါ

မရိုးစင်းနိုင်သော ပုံသဏ္ဌာန် အမျိုးမျိုးတို့ဖြင့် တောက်ပ၊ တည်ရှိဖြစ်ပျက်နေသော အင်မတန်မှမြင့်မားပြီး ကျယ်ပြန့်လှသည့် ကောင်းကင်ပြာကို ဖြတ်သန်းသွားလာပျော်မြူးနေကြသည့် တိမ်တိုက်၊ တိမ်တန်းများကို နံနက်အာရုံဦးချိန်ဖြစ်စေ၊ ညနေဆည်းဆာချိန်ဖြစ်စေ ကြည့်ငေးမိသူတိုင်းအား အစဉ်ရှုမဝအောင်ဖြစ်စေပါသည်။ အထူးသဖြင့်ဤလှပမှုကို ကျွန်ုပ်အနေနှင့်အိမ်တွင်းအိမ်ပြင်၊ အိမ်ပေါ်၊ အိမ်အောက် ဘယ်နေရာမှာမဆို ရှုမဝမမောပန်း အစဉ်ကြည်နူးမိပါသည်။ ကိုယ်တော်ရှင်ဘုရား၏ အံ့မခန်းလက်ရာတော်တွေမှ ကိုယ်တော်ရှင်၏ အစွမ်းတန်ခိုးတွေနှင့် မကုန်ခန်းနိုင်သော ချစ်မေတ္တာဂရုဏာတော်တွေကို ကျွန်ုပ် ပြန်လည်သုံးသပ်မိပါသည်။ ယခုအခါလည်း ကိုယ်တော်ရှင်ဘုရားသည်စကြဝဠာကို ဆက်လက်၍ပြုပြင်ဖန်ဆင်းနေဆဲပင်။ မိမိ၏လှပမှုအဆင်းသဏ္ဌာန်၏ပုံရိပ်များကို အစဉ်ပေးသနားနေဆဲပင်။

ဘုရားရှင်သည် မတူညီမှုအမျိုးမျိုးတို့ကို နှစ်သက်မြတ်နိုးတော်မူသည်။ ပန်းများကိုကြည့်ပါ။ ၎င်းတို့၏မတူညီသော အမျိုးပေါင်းကို မည်သူရေတွက်နိုင်မည်နည်း။ ၎င်းတို့၏လှပစွာ ဝေဆာချယ်သထားသော အရောင်အဆင်း၊ နံ့သာတွေကို မည်သူ ဖန်းဆင်းနိုင်မည်နည်း။ ပန်းများတို့သည်မတူညီကြသော်လည်း သူ့နေရာနှင့်သူ၊ အမျိုးအစားအလိုက်၊ အပွင့်တိုင်းလှပနေတာမဟုတ်ပါလား။ စိမ်းလန်းစိုပြေပြီး၊ ကြီးငယ်၊ နိမ့်မြင့် စသည့်တောင်တန်းများ၊ သစ်ပင်ပန်းမာန်၊ တိရိစ္ဆာန်များအားလုံးတို့ကိုကြည့်ပါ။ မည်မျှ ဆန်းကျယ်လှပသနည်း။ ဤလှပဆန်းကျယ်မှုများကို မည်သူ ဖန်ဆင်းရေတွက်နိုင်မည်နည်း။ ၎င်းအရာများထဲမှ ကိုယ်တော်ရှင်သည် "ငါသင့်ကိုချစ်သည်" ဟူ၍ပြောဆိုနေသော အသံကို သင်ကြားနာမိပြီလား။ ပင်လယ်ရေနှင့် မြစ်ချောင်း အင်းအိုင်၊ ရေသတ္တဝါအပေါင်းတို့ကိုလည်းကြည့်ပါ။ အရာရာတိုင်းသည် သူ့နေရာနှင့်သူရှိနေကြပါသည်။ ၎င်းအရာများကို မည်သူဖန်ဆင်းထိန်းသိမ်းထားတော်မူပါသနည်း။

ဘုရားသခင်သည် မတူညီမှုများ အမျိုးမျိုးတို့ကို နှစ်သက်ချစ်မြတ်နိုးတော်မူသည်။ သင့်မိသားစုအတွင်း မိဘညီအစ်ကိုမောင်နှမအားလုံး တူညီနေပါလား။

မိဘတွေမတူညီကြသော မိမိတို့၏ သားသမီးများကို ချစ်ကြင်နာကြသည်မဟုတ်ပါလား။ ဤကဲ့သို့ ဖြစ်နေခြင်းသည်ပင် ဘုရားသခင်၏ အစီအမံတော်အားဖြင့် သာရှိနိုင်ကြသည်မဟုတ်ပါလား။

သို့သော် ကျွန်ုပ်တို့တွေ့မြင်ခဲ့ဖူးသော အလှပဆုံးဆိုသည့် အရာများ၊ တိမ်တန်းများတွေသည် ထာဝရမတည်ခဲ့ပါ။ ဖြတ်သန်း ကွယ်ပျောက်ကုန်ကြပြီးဖြစ်သည်။ အဆင်းစုံလင်စွာဖြင့် ပွင့်ဖူးဝေဆာနေသောပန်းမာန်တို့သည်လည်း အချိန်တန်၍ညိုးနွမ်းကုန်ကြပြီ။ ဥတုသုံးပါးသည်လည်း တစ်ခုကိုတစ်ခုအချိန်ပေး၊နေရာပေးပြောင်းလဲနေကြပြီ။ ဘယ်ဖြစ်စဉ် အတွင်း၌ မဆို အသက်ဆိုသည့်အရာသည် ဆက်လက်ရှင်သန်ဆဲပါ။ လူသားထုသည်လည်း ဤဖန်ဆင်းခံအရာထဲမှာ ပါဝင်နေပါသည်။ လူသားဆိုရာ၌ အိုင်ယမ်ရွေး၊ နုပျိုချောဆိုးမခွဲ၊ ရှည်တယ် ပုတယ် ထည့်မတွက်၊ အဖြူအမည်း မပိုင်းခြား၊ ဆင်းရဲချမ်းသာအဆင်းမကြည့်၊ ကျန်းမာသူနှင့် အားနည်းသူဟူ၍မခွဲခြား အားလုံး အားလုံးပါဝင်သည်။ ကျွန်ုပ်တို့တစ်ဦးချင်းတို့သည် ကိုယ်တော်ရှင်၏ ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းထားခြင်းခံရသူများဖြစ်ပါသည်။ ကျွန်ုပ်တို့ အယောက်တိုင်းအားလည်း ယခုဘဝ၌ ဖော်ပြမနိုင်သောဘုန်းဂုဏ်တော်နှင့် ထာဝရပျော်ရွှင်ခြင်းအသက်တာကို ပြင်ဆင်ပေးထားပါသေးသည်။

ဖန်ဆင်းခြင်းအားလုံး၏နောက်ဆုံးပန်းတိုင်နှင့်ဘုန်းဂုဏ်တော်မှာ ခရစ်တော်နှင့်ဖန်ဆင်းခံအရာများအားလုံး (တစ်လုံးတစ်ဝတည်း) ပြန်လည်ပေါင်းစပ်ခြင်းဖြစ်ပါသည်။ ၎င်းပန်းတိုင်နှင့်ဘုန်းဂုဏ်တော်သို့ ဦးဆောင်လမ်းညွှန်ပေးနေသောအရာသည် ဘုရားသခင်၏ အနှိုင်းမဲ့ချစ်ခြင်းမေတ္တာကရုဏာပင်ဖြစ်သည်။

ယခုပစ္စုပ္ပန်မှာပျော်ရွှင်ဝမ်းမြောက်ကြစို့။ ဘုရားသခင်ရှိသောအချိန်၊ ကိုယ်တော်ရှင်၏ ချစ်ခြင်းအလုပ်လုပ်ဆောင်နေသော အချိန်သည် ယခုအချိန်ပင်ဖြစ်သည်။ အလုပ်တာဝန်၊ ခဏတာပျော်ရွှင်ခြင်းနှင့် ဝမ်းနည်းပူဆွေးရသော အချိန်တို့သည် ကုန်ဆုံးပျောက်ကွယ်သွားသော်

လည်းယခု ပစ္စုပ္ပန်ဆိုသည့်အချိန်အတွင်း ဘုရားသခင်သည် မိမိ၏ကြီးမားသော ချစ်ခြင်းမေတ္တာတော်ဖြင့် ရှိနေပါသေးသည်။ ဝမ်းနည်းမှုနှင့်နာကျင်မှုဝေဒနာများသည် အစဉ်တည်ရှိနေသကဲ့သို့ ထင်ရပါသော်လည်း လျှင်မြန်စွာကုန်ဆုံးသွားပြီး အသစ်သောပျော်ရွှင်မှု၊ ချစ်ခြင်းနှင့် အသစ်သော ဘဝအတွက် နေရာဖြစ်လာလိမ့်မည်။

ယခုပစ္စုပ္ပန်ဆိုသည့် အချိန်၏ ပျော်ရွှင်မှုသည် ကုန်ဆုံးသွားလိမ့်မည်။ ခဏတာပျော်ရွှင်မှုကို လက်မလွှတ်ချင်ဘဲ ဆုပ်ကိုင်ထားခြင်းသည် ဝမ်းနည်းခြင်းနှင့်စိတ်ပျက်အားငယ်မှုသာ ဖြစ်ပေါ်စေလိမ့်မည်။ ပျော်ရွှင်ရမည့်အချိန်၌ ပျော်ရွှင်ကာ ကုန်ဆုံးသွားချိန်၌လည်း လက်ခံတတ်ပါ။ ခဏတာပျော်ရွှင်ခြင်းနှင့် စိတ်ပျက်အားငယ်မှု၊ သာဖြစ်ပေါ်စေလိမ့်မည်။ ပျော်ရွှင်ရမည့်အချိန်၌ပျော်ရွှင်ကာ၊ ကုန်ဆုံးသွားချိန်၌လည်း လက်ခံတတ်ပါ။ ခဏတာ ပျော်ရွှင်ခြင်းကုန်ဆုံးသွားရခြင်းသည် ပိုမို၍မြင့်မြတ်ကောင်းမွန်သော ပျော်ရွှင်မှုအတွက် မျှော်လင့်ခြင်းပင်ဖြစ်သည်။ ဘဝ၏အပြောင်းအလဲများ အားလုံးအပေါ် လက်ခံတတ်ပါစေ။ မတည်မြဲသော ခဏတာကိုစွဲလမ်းခြင်းမရှိပါနှင့်။ ပြီးဆုံးသွားခဲ့သောအတိတ်ကို ပူဆွေးဝမ်းနည်းမနေပါနှင့်။ ရောက်မလာသေးသော အနာဂါတ်ကို ကြိုတင်တွေးတောဗျာများမနေပါနှင့်။ ယခုပစ္စုပ္ပန် အသက်ရှင်နေသောအချိန်အတွင်း ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်ကိုတစ်ဦးချင်း၊ အချိန်တိုင်း၊ ဖြစ်ရပ်တိုင်းနှင့်ကျေးဇူးတော်တိုင်း၌ ထိတွေ့ခံစားနိုင်ကြပါစေ။ ယခုအသက်ရှင်ကြပါစို့။

ချစ်မိုး (ကတ)

''သိုးထိန်းအသံ''စာစောင်ကို၊ မန္တလေးကက်သစ်သာသနာလုပ်ငန်းခွဲက ရေးနှင့်ပြန်ကြားရေး ရုံး (Signis)မှ(၂)လတစ်ကြိမ်ထုတ်ဝေသည်။

လူမှုရေးလောကတွင် အမျိုးသမီးကဏ္ဍမြှင့်တင်ရန် လူထုဆက်သွယ်ရေးပညာကို ဟန်တိုင်အဖြစ် အသုံးပြုခြင်း။

မေလ ၁၉-ရက် ၁၉၉၆ ခုနှစ် သည်အနှစ်(၃၀)မြောက်ကမ္ဘာ့ဆက်သွယ်ရေးနေ့ပင်ဖြစ်ပါတယ်အဲဒီကမ္ဘာ့ဆက်သွယ်ရေးနေ့ရဲ့ဆောင်ပုဒ်မှာ"လူမှုရေးရာလောကတွင်အမျိုးသမီးများ၏ကဏ္ဍကိုအားပေးမြှင့်တင်ရာ၌လူထု ဆက်သွယ်ရေးပညာကိုပြည်သူ့ဟစ်တိုင် အဖြစ်အသုံးပြုခြင်း။" ဆိုတဲ့ဆောင်ပုဒ်ပင်ဖြစ်ပါတယ်။

လူထုဆက်သွယ်ရေးပညာဖြစ်တဲ့ ရေဒီယို၊ ရုပ်မြင်သံကြား၊ ရုပ်ရှင်၊ သတင်းစာ တို့ဟာအမျိုးသမီးများအတွက် တရားမျှတမှုနဲ့ တန်းတူအခွင့်အရေးများ ရရှိဖို့ တိုက်ပွဲဝင်ရာမှာအထူးအသုံးဝင်တဲ့ လက်နက်များဖြစ်တဲ့အပြင် အမျိုးသမီးတို့သာ ပိုင်ဆိုင်တဲ့အထူးအရည်အချင်းများ၊ ဂုဏ်ကျက်သရေများတို့ကို ထုတ်ဖော်ကျေးဇူးတင်အမွှန်းတင်ရန် အတွက်လည်း အဓိကနေရာကဏ္ဍကပါဝင်ပါတယ်။

ကမ္ဘာတစ်ဝန်းလုံးအနှံ့အပြားတွင် အမျိုးသမီးများဟာ လူမှုရေးရာ၊ နိုင်ငံရေးနှင့်စီးပွားရေးရာလောကများမှာအမျိုးသားများနဲ့ တန်းတူ အခွင့်အရေးအပြည့်အဝ မရရှိသေးဘဲ အနှောင့်အယှက်အတားအဆီးများရှိသေးရာ၊ လူထုဆက်သွယ်ရေးဌာန အမှုထမ်းသောသူများရဲ့တာဝန်မှာ ရင်ဖွင့်ခွင့်မရှိသူများ၊ အားနွဲ့သူအမျိုးသမီးများဘက်မှရပ်တည်ပြီး၊ သူတို့ကိုယ်စား၊ သူတို့ရဲ့အသံများအဖြစ် သူတို့ရဲ့အခက်အခဲများကို ထုတ်ဖော်ပြောဆိုပေးဖို့တာဝန်ရှိပါတယ်။

တချို့အမျိုးသမီးများဟာသူတို့ဘဝကို အိမ်ထောင်သည်ဇနီးမယားများအဖြစ်ရင်း၊ မိခင်များအဖြစ်ရင်း မြှပ်နှံတာကြောင့် သူတို့ကိုလူမှုရေးရာအရရင်း၊ စီးပွားရေးအရရင်း နှိမ့်ချမှုပြုထားပါတယ်။ လောကမှာ လူသားတစ်ဦးအဖြစ် ဖြစ်မြောက်လာရန် အမျိုးသမီးများရဲ့ကျေးဇူးများစွာရှိသော်လည်းပဲ အဲဒီဘဝကိုရွေးချယ်တဲ့ အမျိုးသမီးများကို ကျေးဇူးတင်ခိုးမြှောက်ရမဲ့အစား နှိမ့်ချထားတဲ့အတွက် လူထုဆက်သွယ်ရေးဌာနမှာ အမှုထမ်းသူများအနေနဲ့အမျိုးသမီးများရဲ့ လုပတဲ့ဘဝ၊ အနစ်နာခံမှုတွေကို ထုတ်ဖော်ပြောဆို

ဖို့လိုအပ်လှပါတယ်။

ဒီလိုအိမ်ထောင်သည်မိခင်များ ရဲ့ဘဝကိုမြှင့်တင်ထုတ်ဖော်ပေးရုံသာမက အလုပ်လုပ်တဲ့မိခင်များကိုလည်းအလုပ်ဌာန များမှာတရားမျှတတဲ့အလုပ်ခရရှိဖို့မိမိရဲ့ အရည်အချင်းအလုပ်ရာထူးတိုးမှုရှိဖို့အတွက် လည်းလူထုဆက်သွယ်ရေးဌာနမှာအမှုထမ်း သူများကနေအမျိုးသမီးများဘက်မှရပ်တည် ပြီးတိုက်ပွဲဝင်ပြောဆိုပေးဖို့လိုအပ်လှပါတယ်။

လူထုဆက်သွယ်ရေးပညာကို အသုံးပြုပြီး ကမ္ဘာ့အနှံ့အပြားသို့ ဖြန့်ဝေနိုင်တဲ့အတွက် အမျိုးသမီးများရဲ့ အခွင့်ရေးရနိုင်မှုများ သာမက အမျိုးသမီးများရဲ့အထူးဂုဏ် အရည်အချင်းများကိုပါသိရှိကာဖြန့်ဝေဖို့ လိုအပ်ပါတယ်။

လူထုဆက်သွယ်ရေး ပညာကို အသုံးပြုပြီး လူ့အဖွဲ့အစည်းရဲ့သူရဲကောင်း များကို ဖော်ထုတ်ရုံသာမက ခရစ်ယာန် ဘာသာက သူတော်စဉ်အမျိုးသမီးများကို လည်း ရွေးချယ်ထုတ်ဖော်ပြီးလူငယ်များနဲ့ နောင်လာနောင်သားများ အတုယူဖွယ်ရာ စံနမူနာများအဖြစ် ထုတ်ဖော်တင်ပြရန် လို အပ်ပါတယ်။

ဒီလိုအမျိုးသမီးများရဲ့ရပိုင်မှုအခွင့် အရေးများ၊ ဂုဏ်ကျက်သရေများသာ မကသူတို့ရဲ့အထူးအရည်အချင်းတွေကို ဖော်ထုတ်နိုင်ဖို့လူထုဆက်သွယ်ရေးဌာနမှာ လုပ်ကိုင်ကြသောလုပ်သားများအထူးသဖြင့် အမျိုးသမီးလုပ်သားများရဲ့ပုခုံးပေါ်တွင်ကျ ရောက်တဲ့တာဝန်ကြီးတစ်ခုဖြစ်ကြောင်း ဒီလူများအနေနဲ့လူထုဆက်သွယ်ရေးပညာ ကိုအသုံးပြုကာအမျိုးသမီးများကိုမိမိတို့ အကျိုးတစ်ခုတည်းအတွက်အသုံးပြုခြင်း သွေးစုပ်ချယ်လှယ်ခြင်းမပြုသင့်ဘ၊ အမျိုး သမီး များရဲ့ဘဝကိုမြေတောင်မြှောက် မြှင့်တင်ပေးရန်လိုကြောင်း၊ ဒါကြောင့် (၁၉၉၆) နှစ်ကမ္ဘာ့ဆက်သွယ်ရေးနေ့ရဲ့ ဆောင်ပုဒ်ကိုလည်းလူမှုရေးရာလောကမှာ အမျိုးသမီးများရဲ့ကဏ္ဍကိုအားပေးမြှင့်တင် ရာမှာလူထုဆက်သွယ်ရေးပညာကိုပြည်သူ့ ဟစ်တိုင်အဖြစ်အသုံးပြုခြင်းဆိုတဲ့ဆောင်ပုဒ် ကိုယူထားကြောင်းတင်ပြအပ်ပါတယ်။

မမာလာ (RVA)

ဆင်းရဲဒုက္ခများအလယ်မှာ

တစ်ခါတရံမှာ ကျွန်တော်တို့အနေနဲ့ ဒုက္ခအခက်ခဲနှင့်ကားတိုင်တွေကို ခံထမ်းရခြင်းဟာ ကောင်းမွန်လှပါတယ်။ ဆင်းရဲဒုက္ခများက ကျွန်တော်တို့ကို အသိတရားများထံပို့ဆောင်ပေးနိုင်တယ်။ ကျွန်တော်တို့ဟာဒီကမ္ဘာမြေမှာ ခဏတာခိုလှုံနေကြတဲ့ ဒုက္ခသည်တွေပါလားဆိုတဲ့အသိကိုလည်း ရစေပါတယ်။ ဒါကြောင့်လည်း ဒီကမ္ဘာ လောကကြီးက ပိုင်ဆိုင်တဲ့အရာဝတ္ထုပစ္စည်းတွေ အပေါ် ကျွန်တော်တို့ရဲ့ယုံကြည်မှုကိုမထားဖို့လိုအပ်ပါတယ်။ တခါတရံလူတွေက ကျွန်တော်တို့ကို အထင်အမြင်လွဲမှားကြခြင်းသည်လည်း ကောင်းတယ်လို့ဆိုရပါမယ်။ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်တွေ ကောင်းပေမဲ့လည်း သူတို့ကကျွန်တော်တို့အပေါ်သေးသိမ်တဲ့ အမြင်သဘောထားတွေရှိကြပါတယ်။ အဲဒီအတွေ့အကြုံများက ကျွန်တော်တို့ကို နှိမ့်ချခြင်းဆီ လမ်းပြခေါ်ဆောင်သလိုမိမိ ကိုယ်ကိုအထင်ကြီးမှုတွေကလည်း ကာကွယ်ပေးပါတယ်။ ရုန်းကန်ကြိုးစားနေရတဲ့ အခြေအနေများထဲက ကျွန်တို့ဟာ ဘုရားသခင်ကိုပိုမိုရှာဖွေကြရပါမယ်။ ကျွန်တော်တို့ဟာ ပြင်ပရှုတ်ချမှုတွေကို ခံရချိန်မှာအတွင်းစိတ်နှလုံးသားကတော့ ပိုမိုကြံ့ခိုင်သန်မာလာကြပါတယ်။ သင့်ရဲ့ဘဝအသက်တာကို ဘုရားသခင်ထံမှာလုံးလုံးလျားလျား တည်ဆောက်ထားမည်ဆိုပါက တစ်ပါးသူများရဲ့အားပေးနှစ်သိမ့်မှုတွေကို သင့်အနေနဲ့လိုအပ်မှာ မဟုတ်တော့ပါဘူး။ ကျွန်တော်တို့ဟာ နှောက်ယှက်ဖြားယောင်းခြင်းနဲ့မကောင်းတဲ့ အတွေးဆိုးတွေထဲဒုက္ခရောက်နေချိန်များမှာအကြီးမားဆုံးလိုအပ်မှုက ဘုရားသခင်သာဖြစ်တယ်ဆိုတာကို ရှင်းလင်းစွာသိမြင်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ သူမပါဘဲကောင်းမွန်တဲ့အရာ တစ်စုံတစ်ခုကို မျှလုပ်ဆောင်ရန် ကျွန်တော်တို့တွေ မတတ်နိုင်ကြလို့ပါပဲ။ ဒီအခါမှာ ပင်ပန်းနွမ်းနယ်ခြင်းနဲ့ ဝမ်းနည်းကြေကွဲမှုတွေနဲ့ အတူကျွန်တော်တို့ဟာ "စုတေ၍ခရစ်တော်နှင့်အတူနေခြင်းငှါ တောင့်တလိုချင်သောစိတ်ရှိ၏" (ဖိလိပ် ၁း၂၃) ဆိုပြီးဖြစ်လာပါမယ်။ အကြောင်းကတော့ အလုံခြုံဆုံးနဲ့အငြိမ်းချမ်းဆုံးနေရာဟာ ဒီကမ္ဘာမြေပေါ်မှာ မတည်ရှိပါလားဆိုတာကို ကျွန်တော်တို့တွေ နားလည်သဘောပေါက်လာကြလို့ပါပဲလေ။

[THOMAS A KEMPIS ၏ "THE IMITATION OF CHRIST" မှ "THE VALUE OF ADVERSITY" ကိုပြန်ဆိုခြင်းဖြစ်ပါသည်။] **ကမ္ဘန်း (မုန်းဟောက်ဗြို့)**

စဉ်းစားမိသလောက် ပြောကြည့်ချင်ပါသည်

ယခင်လများက "သိုးထိန်းသံ" တွင်ကက်သလစ်သာသနာတော်ကြီးတစ်ခုလုံးကိုနေရာဒေသအသီးသီးရှိယဉ်ကျေးမှု အမွေအနှစ်များနှင့်အညီပြုလုပ်နိုင်ပါသည်၊ **သာသနာတော်ကြီးကလည်း** ထိုကဲ့သို့ ပြု လုပ်ကြဖို့ စာချွန်တော်များ ထုတ်ပြန်ကာ ညွှန်ကြားပါကြောင်း ဤကဏ္ဍမှ ဆက်တိုက်ရေးသားခဲ့ပါပြီ။

ယခုလတွင်ရေးသားလိုသည့် **အချက်မှာမြန်မာ့ ကက်သလစ်သာသနာ**တော်နှင့်မြန်မာမှုပြုခြင်း၊ ကျွန်တော်တို့ ခေတ်အခါနှင့် သာသနာပြုများ၏ ကျေးဇူးတစ်ချို့ကိုစဉ်းစားမိသလောက် ရေးသားလိုပါသည်။

စာဖတ်သူအတွက် "ဟိုဟာက ဘယ် လိုလည်း" ဟုတ်မှဟုတ်ရဲ့လား ဟုအငြင်းပွါးစရာများရှိ ကောင်းရှိနိုင်ပါသည်။

သို့သော်ကျွန်တော်တို့မြန်မာ ကက်သလစ်ခရစ်ယာန်များအားလုံး (**အထူးသဖြင့် မန္တလေးကက်သလစ်** သာသနာအနေဖြင့်) တစ်ခုတော့ ရိုးရိုးသားသားဝန်ခံရပါလိမ့်မည်။ **အဲဒါက**တော့ ခရစ်တော်ဘုရားရှင်၏တရားတော်ကို တစ်ခါမှမကြားဖူးသေးသော **နေရာဒေသများများစွာရှိနေသေးတယ်ဆို**တာပဲဖြစ်ပါတယ်။

ကျွန်တော်တို့သည် ရှေးယခင် **အထက်ထက်က** သာသနာပြုများမျိုးစေ့ ကြဲချခဲ့သည့်မြို့ရွာများမှာပဲ တရားတော်ကို ဟောပြောနေကြပါသည်။

တစ်နည်းပြောပါက သာသနာပြုများ ဘုရားစကားသင်ခဲ့သည့်ရွာမှာပဲ ကျွန်တော်တို့လည်း ဘုရားစကားသင်ခဲ့သည့်**အတိုင်း** **အမေးအဖြေလောက်ک**ပဲမတက်နိုင်ကြသေးပါ။ **သူတို့ စခဲ့**သည့် **ရွာမှာပဲ ဧဝံဂေလိတရား**တော်ကို ဆက်တိုက် ဟောနေကြပါသည်။ ထိုမြို့ရွာများမှာပဲ ရှေးယခင်ကအတိုင်း ဝတ်ပြု ကိုးကွယ်ကြပါသည်။ စက္ကရမင့်တူးမင်္ဂလာ ပေးနေကြပါသည်။ **မြန်မာ**စာ**မြန်မာစကား မတတ်တတတ်**နှင့်**ပြန်**ဆိုခဲ့သည့်**သူတို့**၏ ဆုတောင်းမေတ္တာ**စာအုပ်**များ**ကိုပဲ** **သုံးနေကြ**ဆဲ**ဖြစ်**ပါသည်။

ရှေးယခင် သာသနာပြုများတွင် တစ်ချို့မှာဒတ်ချ်၊ ဩစတြီးယား၊ အိုင်ယာလန်လူမျိုးများ ဖြစ်ကြပါသည်။ **အမေရိကန်**လူ**မျိုး**များ**လည်**ပါ**သေ**းသည်။

"သိုးထိန်းအသံ" စာစောင်ကို၊ မန္တလေးကက်သစ်သာသနာလူထုဆက်သွယ်ရေးနှင့်ပြန်ကြားရေးရုံး (Signis)မှ(၂)လတစ်ကြိမ်ထုတ်ဝေသည်။

ထို့ကြောင့် ခရစ်တော်ဘုရားသင်ကြား တော်မူခဲ့သော တရားတော်တွင်ဥရောပ လေသံနှောပါနေပါလိမ့်မည်။ ကျွန်တော်တို့၏ ဝတ်ပြုဆုတောင်းပုံသည် အမေရိကန် ပုံပေါက်နေပါမည်။ ဘုရားဝတ်ပြုရာတွင် ခြေထောက်နှင့်လက်၊ ခေါင်းနှင့်ခန္ဓာထားသိုပုံများတွင် ဥရောပဆန်နေပါလိမ့်မည်။ နိုင်ငံခြား အမူအရာများကပ်ပါနေပါလိမ့်မည်။ အမေရိကန်လူမျိုးတစ်ဦး ဘာသာပြန်ဆိုခဲ့သော ကျမ်းစာတော်မြတ်သည်မလိုဘဲ ဘိုသံပေါက်နေပါမည်။

ကျွန်တာ့်အနေနှင့် ရှေးဦးသာသနာပြုဖခင်ကြီးများ၏ ကျေးဇူးကို အမြဲအစဉ်ဦးထိပ်ထားပါသည်။ ရှေးဦးသာသနာပြုကြီးများသည် သာသနာ့အာဇာနည်များဖြစ်ပါသည်။ သာသနာတော်အတွက် ခရစ်တော်ဘုရားရှင်အတွက် ကျွန်တော်တို့ မြန်မာလူမျိုးများအတွက် မိမိကိုယ်ကိုပူဇော်ဆက်ကပ်ထားခဲ့ကြသူများဖြစ်ပါသည်။ သာသနာတော်က သင်ကြားသည့်အတိုင်း ကျွန်တော်တို့ကိုလက်ထပ်သင်ကြားပေးခဲ့ကြပါသည်။ ထိုခေတ်ထိုအခါကကာလဒေသ အလိုက်တရားတော် အမွေကိုပေးထားခဲ့ကြပါသည်။ ယခုအခါ ကျွန်တော်တို့ နောက်ပြန်လှည့်ကြည့်မည်ဆိုပါက အချိန်ကာလဆိုတာလည်းအတော် ကြာခဲ့ပါပြီ။

ခေတ်တွေလည်းပြောင်းခဲ့ပါပြီ။ စံနစ်တွေလည်းပြောင်းသွားပါပြီ။ ကျေးဇူးရှင်သာသနာပြုကြီးများပင် မရှိကြတော့ပြီ။ သာသနာတော်ကြီးသည်ပင် ဒုတိယဗာတီကန် သံယာယနာတင်အစည်းအဝေးကြီးဖြင့် သွန်သင်ချက်တစ်ချို့ကိုပြုပြင်ပေးခဲ့ပါပြီ။ ဝတ်ပြုနည်းတစ်ချို့ကို အသစ်ပြုပေးခဲ့ပါပြီ။ သေချာစဉ်းစားပါကသူတို့ဘဝတွေနှင့် အသက်တွေကို ရင်းပြီးပေးထားခဲ့သည့် သာသနာ့အမွေကြီးကိုကျွန်တော်တို့မြန်မာတိုင်းရင်းသားစစ်စစ်များက သူတို့စပေးထားခဲ့သည့်အတိုင်းကိုင်ထားနေသေးတာကိုတော့သူတို့စိတ်မကောင်းဖြစ်နေကြမှာပါ။ သူတို့ခေတ်သူတို့ချိန်ခါကအတိုင်း မူမပျက်၊ ဟန်မပျက်ပဲ လက်ရာ မယွင်းထားတာကိုမြင်တွေ့ပြီး နောင်တမလွန်မှနေအားမလို အားမရဖြစ်နေကြမှာပါ။

မြန်မာစာမတတ်တတ်နှင့် သင်ပေးခဲ့သော ဘာသာစကားလုံးများကို မြန်မာစစ်စစ်များက သူတို့အတိုင်းမပီကလာပီကလာ သုံးနှုန်းခေါ်ပြောနေတာကိုကြားနိုင်ပါက သူတို့စိတ်ထိခိုက်

မိကြပါ လိမ့် မည်။

သူတို့စခဲ့သည့် မြို့ရွာများမှာပဲ ကျွန်တော်တို့ဝဲနေကြတာကြောင့် အားမရဖြစ်နေပါလိမ့်မည်။ သူတို့လုပ်ခဲ့တာ လောက်နှင့်ပဲမြန်မာတိုင်းရင်းသားများ ကကျေနပ်နေကြတာကို ဂရုဏာဒေါသနှင့် စိတ်တိုစိတ်ဆိုးဖြစ်နေကြမှာပါ။ သူတို့ ခေတ်သူတို့အခါကကက်သလစ် သာသနာတော်ကြီး သင်ကြားသည့် အတိုင်း တသဝေမတိမ်းလိုက်ခဲ့ကြ သူများပီပီ ကျွန်တော်တို့ကိုကြည့် ကာတမလွန်ဘဝကနေ စိတ်မချမ်းသာ ဖြစ်နေကြမှာလို့ပဲ ကျွန်တော်ယုံကြည် ပါသည်။

ထိုကြောင့် သာသနာပြုကြီးများ မသွား နိုင်ခဲ့သည့် နေရာဒေသများသို့ ကျွန်တော်တို့သွားကြပါစို့။

သူတို့ချစ်မြတ်နိုးခဲ့သော အမိ မြန်မာပြည်ကြီးနှင့်မြန်မာ့ ယဉ်ကျေး မှုအမွေအနှစ်များကိုကျွန်တော်တို့လည်း တန်ဖိုးထားကြပါစို့။

သူတို့ချန်ထားခဲ့သည့် သာသ နာတော်ကြီးကိုမြန်မာအနုပညာများ ဖြင့်တန်ဆာဆင်ကာကျေးဇူးဆပ်ကြပါစို့။

တစ်နည်းဆိုရပါက မွန်မြတ်လှ သည့် တရားတော်ကို မြန်မာစစ်စစ် ကမြန်မာစစ်စစ်နောက် တစ်ဦး သဘော ပေါက်နားလည် လက်ခံနိုင်အောင် ဟောပြောကြပါစို့။

တရားတော်ကို မြန်မာ့တရား တော်စစ်စစ်အဖြစ် လက်ခံနိုင်အောင် မြန်မာမှုပြုကြပါစို့။ မြန်မာများတို့သည် တရားတော်နှင့် သာသနာတော်ကို သူစိမ်းသူရဲ့စာဖြစ်မနေစေဘဲ မိမိ အပိုင်၊ မြန်မာ့အပိုင်၊ မြန်မာ့အမွေ အနှစ်အဖြစ်ခံစားလာစေရအောင် လုပ် ဆောင်ကြပါစို့ဟု။

ဟကူ (ဒဿနု)

အားမေး၊အားပြေ

အားမေး ။　　။ကမ္ဘာပေါ်က သက်ရှိသတ္တဝါတွေထဲမှာ လူသားတွေက ပထမဦးဆုံး ပေါ်ပေါက်လာတာ မဟုတ်ဘူး။ ဒိုင်နိုဆောသတ္တဝါတွေက ပထမဦး ဆုံးသတ္တဝါဖြစ်တယ် လို့ကြားဖူးတယ်။ သိပ္ပံစာစောင်တစ်ခုထဲမှာလည်းအာရှတိုက်ရဲ့ သဲကန္တာရတစ်ခု အတွင်းမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၄၅–သန်းခန့်က လို့အတည်ပြုထားတဲ့ ဒိုင်နိုဆောဥတွေနဲ့ရပ်ကြွင်း၊ အရိုးစုတွေကိုတွေ့ခဲ့ရတယ်။

ဒါဆိုရင် အာဒံနဲ့ဝေ ပေါ်ပေါက်လာတော့ နှစ်သန်းပေါင်း ၂၄၅–သန်းမရှိသေးဘူးလို့လေ့လာသိရှိရတယ်အထောက်အထားလဲမတွေ့ရသေးဘူးလို့သိရတယ်။ ဒီသဘောတရားအရ ကမ္ဘာပေါ်မှာ ပထမဦးဆုံးသက်ရှိ သတ္တဝါဟာ အာဒံ၊ ဝေ လူသားတွေလား၊ ဒိုင်နိုဆောလို့ခေါ်တဲ့ တွားသွားသတ္တဝါတွေလားဆိုတာသိပါရစေ။

အားပြေ ။　　။ မေးခွန်းကတော့ စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ သမ္မာကျမ်းစာအရ ဖြေရမယ်ဆိုရင်တော့ သက်ရှိသတ္တဝါတွေထဲမှာ တိရိစ္ဆာန်ဟာ အရင်ပေါ်ပေါက်လာပြီး လူသားတွေက နောက်မှ ပေါ်ပေါက်လာတာဖြစ်ပါတယ်။ (ကမ္ဘာဦးကျမ်း ၁း၁ မှ ၂း၄) အထိ ဖတ်ရှု လေ့လာမယ်ဆိုရင် ကမ္ဘာ၊ စကြာဝဠာ သက်ရှိ၊ သက်မဲ့သတ္တဝါတွေကို ဖန်ဆင်းတာ ၆ ရက်ကြာပါတယ်။

ပထမဦးဆုံးနေ့မှာ အလင်းနဲ့ အမှောင်၊ သို့မဟုတ် နေ့နဲ့ညကို ဖန်ဆင်းတယ်။ ဒုတိယနေ့မှာ မိုးကောင်းကင်။ တတိယနေ့မှာ ရေနဲ့ကုန်းမြေကွဲစေပြီး၊

သစ်ပင်၊ ပန်းမာလ်။ စတုတ္ထနေ့မှာ နေ၊လ၊ ကြယ်တာရာများ၊ နေ့ရက် အပိုင်းအခြား၊ နှစ်အပိုင်းအခြားကို ဖြစ်စေပါတယ်။ ပဉ္စမနေ့မှာတော့ ရေသတ္တဝါနဲ့လူသားကို ဖန်ဆင်းတယ်လို့ ဆိုထားပါတယ်။ သတ္တမနေ့မှာ ဘုရားသခင်က ဖန်ဆင်းခြင်းပြီး ပြည့်စုံသွားလို့ အနားယူတယ်လို့ တွေ့ရပါတယ်။

ဒီကမ္ဘာဦးကျမ်းမှာ ဖော်ပြထားချက်အရဆိုရင်တော့ လူအသုံးပြုဘို့အတွက် လိုအပ်တာတွေအားလုံးကို အရင်ဆုံးစီစဉ်ပြီးမှ လူသတ္တဝါကို ဖန်ဆင်းပါတယ်။ ဒီတော့ဒိုင်နိုဆောဆိုတဲ့သတ္တဝါက လူသတ္တဝါထက်စောပြီးကမ္ဘာပေါ်မှာ ရှိနေခဲ့ပါတယ်လို့ဆိုရပါမယ်။ (ဆာလံ ၁၃၂၆)မှာ အာဒံနဲ့ဧဝက တိရိစ္ဆာန်တွေကို လိုသလိုအသုံးပြု၊ အုပ်စိုးဖို့တိရိစ္ဆာန်တွေကို ဖန်ဆင်းပြီးမှအာဒံနဲ့ဧဝကိုဖန်ဆင်းပါတယ်။ (ကမ္ဘာ ၂:၂၀)မှာ "လူသည်သားယဉ်အပေါင်းတို့ကိုရင်း၊ မိုးကောင်းကင်ငှက်အပေါင်းတို့ကိုရင်း၊သားရဲအပေါင်းတို့ကိုရင်း၊ အမည်ပေး၍မှည့်လေ၏" လို့ ဆိုထားတာကတော့ သူတို့ကို ဘုရားကပေးအပ်ပြီးမှသူတို့တိရိစ္ဆာန်တွေကို အမည်နာမ ပေးတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

ကမ္ဘာဦးကျမ်းမှာ ပြောထားတဲ့ နေ့၊ ရက်၊ လ စသဖြင့် အချိန်အပိုင်းအခြားတွေကို ဒီခေတ်အချိန်အပိုင်းလို ၂၄ နာရီတစ်ရက်၊ ၇- ရက် တစ်ပါတ်၊ ၁၂- လ တစ်နှစ် ဆိုပြီးလည်း ယူလို့မရပါဘူး။ အစီအစဉ်ကျကျ ခုနှစ်အလိုက် စနစ်ကျကျ ဒီခေတ်သမိုင်းလို ရေးသားထားတာလည်း မဟုတ်ပါဘူး။ တစ်ခါ ကျမ်းစာဟာ ဘူမိဗေဒ၊ ဇီဝဗေဒ (သို့) အခြားသိပ္ပံပညာရပ်တွေလိုလည်း မဟုတ်တာ သေချာပါတယ်။ ဒီစကြဝဠာကြီးကို ဘယ်ခုနှစ်တုန်းက ဖန်ဆင်းခဲ့တယ် ဆိုတာလည်း မပါဝင်သလို ဘုရားသခင်ကကမ္ဘာလောကကြီးနဲ့သက်ရှိသတ္တဝါတွေ၊ သူတို့ရဲ့ သက်တမ်းတွေစသဖြင့်လည်း အသေး စိတ်ဖော်ပြခြင်းမရှိပါဘူး။

ဥပမာ - အလင်းနဲ့ အမှောင်ကို ဖန်ဆင်းဖြစ်ပေါ်စေတယ်ဆိုတာကို နေ၊ ကြယ်၊ လတွေ မဖန်ဆင်းခင်မှာတွေ့ရပါတယ်။

ဆိုလိုတာက ဒီသမ္မာကျမ်းစာကို ရေးသားတဲ့သူဟာ သန့်ရှင်းသောဝိညာဉ်တော်ဘုရားရဲ့ နှိုးဆော်မှုနဲ့ ရေးတာဖြစ်ပေမဲ့လို့ လူတစ်ဦးဟာ လွတ်လပ်စွာပဲ သူနေထိုင်ခဲ့ တဲ့ ပတ်ဝန်းကျင်၊ အယူအဆ၊ ရေးနည်း ရေးဟန် နောက်ခံသမိုင်းပေါ်မူတည်ပြီး ရေးသားထားတာပဲဖြစ်ပါတယ်။

သမ္မာကျမ်းစာထဲမှာ တစ်ခါတစ်ရံ ရှေနောက် သဘောတရားမညီညွတ်ဘူးလို့ ယူဆရတဲ့ အချက်တွေတွေ့ရတတ်ပါတယ်။ ဖန်ဆင်းခြင်းနဲ့ပတ်သက်ပြီး ကမ္ဘာဦးကျမ်း (၁)မှာ ဘုရားက လူကိုသူ့ရဲ့ရွှေပုံသဏ္ဌာန်အတိုင်း ဖန်ဆင်းတယ်လို့ တွေ့ရပြီး (အခန်းကြီး-၂) မှာတော့ အိုးထိန်းက အိုးကို ပြုလုပ်သလို ရွံ့ကနေပြီး အသက်မှုတ်သွင်းကာဖန်ဆင်းတယ်လို့ဆိုထားပါတယ်။ အခန်းကြီး (၁) မှာ ကမ္ဘာကြီး တစ်ခုလုံးကို အရင်ဆုံး ကြိုတင်ပြင်ဆင်ပြီးမှ လူကိုပေးအပ်ပေမဲ့ ဧဒင်ဥယျာဉ်ကို ဖော်ပြထားခြင်းမရှိပါဘူး။ ဒါပေမဲ့ (အခန်းကြီး-၂)မှာ တော့အာဒံဟာအရင်ဖြစ်ပြီးမှဧဒင်ဥယျာဉ်ရှိလာတဲ့ အချက်တွေ့ရပါတယ်။ တစ်ခါ (အခန်းကြီး- ၁)မှာ ဘုရားသခင်ဟာ လူယောက်ျားနဲ့ လူမိန်းမကို ဖန်ဆင်းတယ်လို့ ဖတ်ရှုရသလို (အခန်းကြီး -၂)မှာတော့ အာဒံနဲ့ သင့်တော်မယ့် အထောက်အမကို ဖန်ဆင်းမယ်ဆိုပြီး အာဒံကို အိပ်စေကာ နံရိုးထုတ်ပြီးမှ ဧဝကို ဖန်ဆင်းကြောင်း ဖတ်ရပါတယ်။

ဒါပေမဲ့လို့ အားလုံးကို ခြုံငုံပြီး ကြည့်မယ်ဆိုရင်တော့ ကျမ်းရေး ပုဂ္ဂိုလ်ဆိုလိုတာက . . .

. . . စကြဝဠာနဲ့ အသက်ဆိုတာ အမှတ်တမဲ့ သဘာဝက ဖြစ်ပေါ်လာတာမဟုတ်ဘူး။ ဖန်ဆင်းရှင်၊ ဘုရားသခင်ကြောင့် ဖြစ်ပေါ်လာတာဖြစ်တယ်။

. . . စကြဝဠာထဲမှာရှိတဲ့ အရာတွေ အားလုံးကို ဘုရားက ဖန်ဆင်းထားတယ်။

. . . ဘုရားသခင် ဖန်ဆင်းသမျှ အရာတွေဟာ ကောင်းမွန်မြင့်မြတ်တယ်။

. . . ဘုရားသခင် ဖန်ဆင်းသမျှ အရာတွေအားလုံးထဲမှာ အကောင်းဆုံး၊ အမြင့်မြတ်ဆုံး၊ အထွပ်အထိပ်ကတော့ လူသားမျိုးနွယ်ဖြစ်တဲ့ ယောက်ျားနဲ့ မိန်းမဖြစ်ပြီး သူတို့နှစ်မျိုးဟာ အဆင့်အတန်းတူညီ

တယ်၊ ဂုဏ်ရည်တူညီတယ်။ အရေးကြီးဆုံး ကတော့ဘုရားသခင်က ကမ္ဘာဦးလူသား ကျွန်တော်တို့ရဲ့မူရင်းမိဘနှစ်ပါးကိုဖန်ဆင်း ခဲ့ပြီးသူတို့ကို ဘုရားရှင်ကအထူးဦးစားပေး စောင့်ရှောက်တဲ့ အကြောင်းနဲ့လူသား တစ်မျိုးတည်းသာ ဘုရားသခင်ရဲ့ ရွှေပုံ သဏ္ဌာန်တော်နဲ့အညီ ဖန်ဆင်းခြင်းခံရပြီး အခြားအရာတွေအားလုံးအပေါ် သူ့ကို တာဝန်ပေးအပ်နှင်းခြင်းခံရတယ်။

. . . ၆-ရက်မှာ ဖန်ဆင်းခြင်း အားလုံး ပြီးလို့အနားယူတဲ့ရက်ကလိုက်ပါလာသလို အခုချိန်မှာ ကျွန်တော်တို့ လူသား တွေရဲ့ လုပ်ကိုင်ပုံ နည်းဟန်ပုံကို ချပေးလိုက်ခြင်း ဖြစ်တယ်ဆိုတဲ့ အချက်မျှားပင်ဖြစ်ပါတယ်။ သမ္မာကျမ်းစာဟာ သမိုင်းစာအုပ် မဟုတ် သလို၊ သိပ္ပံစာအုပ်လည်း မဟုတ်ပါဘူး။ ဒီလိုမဟုတ်ပေမဲ့လို့ သိပ္ပံပညာနဲ့လည်း မဆန့်ကျင်တာအမှန်ပါပဲ၊ ယုံကြည်ခြင်းနဲ့ သိပ္ပံပညာဟာ တူညီတဲ့ဘာသာရပ် အချက် အလက်တွေကို ကိုင်တွယ်ထိတွေ့ပါတယ်။ အမှန်တရားရဲ့အရင်းအမြစ်က တစ်ခု တည်းဖြစ်ပါတယ်။ ဘုရားသခင်ပဲဖြစ် ပါတယ်။

မေးခွန်းမှာပါသလို ဒိုင်နိုဆော ဆိုတဲ့ သတ္တဝါဟာ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၂၀၀ ကျော်ကတည်းက တည်ရှိခဲ့တယ်လို့ ၁၉၉၆ ခုနှစ်ထုတ်၊ စွယ်စုံကျမ်းကဆို ပါတယ်။ လူရဲ့ရုပ်ကြွင်းကတော့ ၁၉၅၉ - ခုနှစ်တုန်းကအာဖရိက အရှေ့ပိုင်းဒေသမှာ ဗြိတိသျှ မနုဿပညာရှင် (Dr. Lealaey) တွေ့ရတာက ပထမတွေ့ခဲ့တဲ့ ပီကင်းလူလို့ ထင်ရှားတဲ့ ရုပ်ကြွင်းထက်နှစ်ပေါင်း တစ် သန်း၊ ၅သိန်း လောက်စောတယ်လို့ဆို ပါတယ်။ ပီကင်းလူကတော့နှစ်ပေါင်း ၃ သိန်းလောက်တုန်းကလို့ ခန့်မှန်းပါတယ်။

ဒီတော့ အခုတင်ပြခဲ့တာတွေကို အပေါ်ယံပဲ ခြုံကြည့်ရင်တောင် သိပ္ပံပညာ အရရော၊ သမ္မာကျမ်းစာအရပါ တိရိစ္ဆာန် ဟာ အရင်ပေါ်ပြီး လူသတ္တဝါက နောက်မှ ပေါ်တာလို့ ဖြေကြားလိုက်ရပါတယ်။

ဝဿန်မိုး

-ဖိတ်ခေါ်ခြင်း-

''သိုးထိန်းအသံ'' ကို မန္တလေးသာသနာ လူထုဆက်သွယ်ရေးနှင့် ပြန်ကြားရေးရုံး မှ တာဝန်ယူ၍ (၂) လတစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိပါတယ်။

စာဆောင်ဖြစ်မြောက်ရေးနှင့်ဖတ်ရှုသူများအတွက်အလင်း၊ ဥနှင်အား ရရှိစေရန် စာပေဝါသနာရှင်၊ ပညာရှင် လူကြီး၊ လူငယ်များထံမှ ကဗျာ၊ ဆောင်းပါး၊ မဟုသုတ၊ ဘာသာပြန် (မူရင်းဆောင်းပါး မိတ္တူပူးတွဲပေးပို့ပါရန်)၊ ပညာပေး၊ ကိုယ်တွေ့ ဖြစ်ရပ်များကို အလွန်လိုလားစွာ ဖိတ်ခေါ်တောင်းခံအပ်ပါတယ်။ ကျွန်တော်တို့ အနေနှင့် အများသူငါ ဖတ်ရှု နားလည်နိုင်စေရန်အလို့ငှါ၊ စာမူများကို လိုအပ်သလို ပြင်ဆင်၊ တည်းဖြတ်၊ ဖြည့်ခွက် သွားမယ်ဆိုတဲ့အကြောင်း လေးစားစွာ အသိပေးအပ်ပါတယ်။

ဘာသာရေးစာပေမြှင့်တင်ရန်နှင့် သာသနာလုပ်ငန်းကို အားပေးသည်အနေနှင့် ''သိုးထိန်းအသံ'' စာဆောင်ကို ဝယ်ယူ၊ ဖတ်ရှုခြင်းဖြင့် ပံ့ပိုး၊ ကူညီ၊ လှုံ့ဆော်နိုးကြွပါရန် မေတ္တာရပ်ခံပါတယ်။

ဆက်သွယ်ရန် - - -



အယ်ဒီတာ
သိုးထိန်းအသံစာစောင်
ဂိုဏ်းချုပ် ဆရာတော်ကြီးကျောင်းတိုက်
စာလမ်း နှင့် ၂၅လမ်းဒေါင့်
မန္တလေးမြို့။
ဖုန်း - ၀၅ - ၃၄၅၃၄ ၊ ၀၅ - ၃၁၈၅၂

''သိုးထိန်းအသံ''စာစောင်ကို၊ မန္တလေးကက်သစ်သာသနာလူထုဆက်သွယ်ရေးနှင့်ပြန်ကြားရေးရုံး (Signis)မှ(၂)လတစ်ကြိမ်ထုတ်ဝေသည်။

''သိုးထိန်းအသံ''စာစောင်ကို၊ မန္တလေးကက်သစ်သာသနာလူထုဆက်သွယ်ရေးနှင့်ပြန်ကြားရေးရုံး (Signis)မှ(၂)လတစ်ကြိမ်ထုတ်ဝေသည်။

''သိုးထိန်းအသံ''စာစောင်ကို၊ မန္တလေးကက်သစ်သာသနာလူထုဆက်သွယ်ရေးနှင့်ပြန်ကြားရေးရုံး (Signis)မှ(၂)လတစ်ကြိမ်ထုတ်ဝေသည်။